မြဝတီဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်းစသော ပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှ မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၇၁)

၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
၂၀၂၄ ခုနှစ်၊ ဇွန် ၂၈ ရက်၊ သောကြာနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အခမ်းအနားတက်ရောက်လာကြသူများ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇွန် ၂၇**

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက

စာမျက်နှာ ၁၆ ကော်လံ ၁ ★



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဇွန် ၂၈ ရက်)

# ပျော်ရွှင်ချမ်းမြေ့ မြန်မာ့ဂီတနေ့

မြန်မာနိုင်ငံသည် ခရစ်နှစ် ၁၈၂၄ ခုနှစ်မှ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့အထိ လွတ်လပ်ရေးဆုံးရှုံးခဲ့ဖူးသောနိုင်ငံဖြစ်သည်။ လွတ်လပ်ရေးဆုံးရှုံးရခြင်းမှာ ရင်နာဖွယ်၊ မနှစ်မြို့ဖွယ်ဖြစ်ရပ်ဆိုးကြုံတွေ့ရခြင်းဖြစ်သည်။ နယ်ချဲ့တို့သည် မြန်မာနိုင်ငံကို သုံးကြိမ်တိုင်တိုင်စစ်ပြု၍ သိမ်းပိုက်ခဲ့သည်။ လွတ်လပ်ရေးဆုံးရှုံးသွားသည့်အခါမှ မြန်မာတို့၏မျိုးချစ်သွေးတို့သည် ပွက်ပွက်ဆူလာကြသည်။ ဇာတိမာန်စိတ်တို့ နိုးကြားတက်ကြွလာသည်။ ထိုစိတ်ဓာတ်ကြောင့် တောင်ပေါ်မြေပြန့်အနှံ့အပြားမှ မျိုးချစ်မြန်မာတိုင်းရင်းသားအပေါင်းသည် ရရာလက်နက်စွဲကိုင်ကာနယ်ချဲ့ကိုဆန့်ကျင်တော်လှန်ကြသည်။ ထိုနည်းတူ ကလောင်နှင့်ဂီတလက်နက်ကိုကိုင်စွဲသော အနုပညာရှင်များကလည်း စာပေဖြင့်လည်းကောင်း၊ တေးသီချင်းဖြင့်လည်းကောင်း နယ်ချဲ့ကိုထိုးနှက်တိုက်ခိုက်ခဲ့ကြသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဝိုင်အမ်ဘီအေ)ကိုစတင်တည်ထောင်ကာ အမျိုးဘာသာသာသနာပညာအတွက်စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။ ဆုံးရှုံးသွားသည့်လွတ်လပ်ရေးပြန်လည်ရရှိရေးအတွက် အသင်းအဖွဲ့များ ဖွဲ့စည်းကာကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါအသင်းအဖွဲ့များတွင် “တို့ဗမာအစည်းအရုံး” သည်လည်းတစ်ခုပါဝင်သည်။ တို့ဗမာအစည်းအရုံးသည် မြန်မာတို့လွတ်လပ်ရေးရရှိရေးကြိုးပမ်းမှုတွင် အရေးပါခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်တည်ထောင်ခဲ့သော ရဲဘော်သုံးကျိပ်သည် တို့ဗမာအစည်းအရုံးဝင်လူငယ်များဖြစ်သည်။

တို့ဗမာအစည်းအရုံးသည် ၁၉၃၆ ခုနှစ် ဇွန်လ ၂၇ ရက်နေ့ မြင်းခြံမြို့၌ ဒုတိယအကြိမ်မြောက် တို့ဗမာအစည်းအရုံးညီလာခံကျင်းပခဲ့သည်။ အဆိုပါညီလာခံတွင် ဝိုင်အမ်ဘီဆရာတင်ရေးသားသည့် “တို့ဗမာ” သီချင်းကို အမျိုးသားသီချင်းအဖြစ်သတ်မှတ်ခဲ့သည်။ ထိုသီချင်းတွင်ပါဝင်သော သံပြိုင်သီဆိုရသည့်အပိုဒ်မှစာသားများမှာ ကောင်းလွန်းလှသည့်အတွက် နိုင်ငံတော်သီချင်း၏အစိတ်အပိုင်းတစ်ခုဖြစ်လာသည်။ ဂီတသည်အမျိုးဂုဏ်၊ ဇာတိဂုဏ်တက်ကြွလာအောင်လည်းလှုံ့ဆော်သည်။ သူ့ကျွန်ဘဝမှလွတ်မြောက်အောင် ရုန်းထနိုင်ရန်လည်း လမ်းပြခဲ့သည်။ ရဲရင့်တက်ကြွသော အမျိုးသားရေးတေးများတွင် ထိပ်ဆုံးကနေရာယူထားသည့်သီချင်းမှာ ဝိုင်အမ်ဘီဆရာတင်၏ “တို့ဗမာ”သီချင်းဖြစ်သည်။

တေးသီချင်းဂီတကြောင့် ချစ်ခင်ခြင်း၊ ရယ်မောရခြင်း၊ စာနာသနားခြင်း၊ ကြမ်းတမ်းခက်ထန်ခြင်း၊ ရဲရင့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ရွံရှာစက်ဆုပ်ခြင်း၊ အေးချမ်းကြည်နူးခြင်း၊ အံ့သြခြင်းဟူသောရသတစ်မျိုးမျိုးကိုခံစားကြရပြီး စိတ်နှလုံးမှခံစားချက်များက ရုပ်ပိုင်းဆိုင်ရာအပြုအမူများဖြစ်ပေါ်လာစေသည်။ လွတ်လပ်သောနိုင်ငံနှင့် လွတ်လပ်သောလူမျိုးများအဖြစ်ရောက်ရှိအောင် ရုန်းကန်ကြိုးပမ်းကြရန် ပြည်သူလူထုကို ဂီတအနုပညာဖြင့် နှိုးဆော်လမ်းပြတိုက်တွန်းခဲ့ကြသည်မှာ မမေ့နိုင်စရာဖြစ်သည်။

မြန်မာနိုင်ငံတွင်မမေ့နိုင်သောနေ့ထူးနေ့မြတ်များကို သတ်မှတ်ဂုဏ်ပြုလျက်ရှိသည်။ ထိုသို့ဂုဏ်ပြုလျက်ရှိရာတွင် ဂီတအနုပညာသမားများအတွက်လည်း ဂီတနေ့ကိုသတ်မှတ်ရန်ဖြစ်သည်။ ထို့ကြောင့် ၂၀၁၃ ခုနှစ် ဇွန်လ ၄ ရက်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံဂီတအစည်းအရုံး၊ ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးက ဇွန်လ ၂၇ ရက်နေ့ကို “မြန်မာ့ဂီတနေ့” အဖြစ်သတ်မှတ်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဇွန်လ ၂၇ ရက်နေ့သည် (၁၁) နှစ်မြောက် “မြန်မာ့ဂီတနေ့” ဖြစ်သည်။

**ဂီတစွမ်းအားပြည်ထွန်းကား**ဆိုစကားနှင့်အညီ ဂီတလောကသားတို့၏စွမ်းအားဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဂီတလောကသမားများအနေဖြင့် ပါတီနိုင်ငံရေးတွင်အသုံးချရသည့်အဖြစ်မျိုးမဖြစ်သင့်ဘဲ အမျိုးသားနိုင်ငံရေးအတွက်သာ ရှေးရှုဆောင်ရွက်ကြရမည်ဖြစ်သည်။ ပါတီနိုင်ငံရေးတွင် ပါဝင်ပတ်သက်မှုများကြောင့် အနုပညာလောကကြီးတစ်ခုလုံးယုတ်လျော့ပြီး ပြိုကျလုနီးပါးဖြစ်ခဲ့သည်။ အနုပညာရှင်ဆိုသည်မှာ ပြည်သူများမြတ်နိုးနှစ်သက်ကြသည်ဖြစ်၍ ပြည်သူတို့၏ စံပြအဖြစ်ပြုမူနေထိုင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ဦးဆောင်ကျင်းပမည့် ဇွန်လ ၂၇ ရက်နေ့ မြန်မာနိုင်ငံဂီတနေ့တွင် ပြည်သူများအတွက် တေးဂီတဖျော်ဖြေပွဲကြီးကို နာမည်ကျော်တေးဂီတတီးဝိုင်းများနှင့် နိုင်ငံကျော်တေးသံရှင်များစုဖွဲ့၍ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။ အဆိုပါတေးဂီတဖျော်ဖြေပွဲကြီးသို့ လာရောက်ကြည့်ရှုနိုင်ရန် ဝင်ခွင့်လက်မှတ်များကို အခမဲ့ထုတ်ပေးခဲ့ပြီး ပြည်သူများနှင့်ဂီတအနုပညာရှင်များလာရောက်ကြည့်ရှုခဲ့ကြသည်။

မြန်မာ့ဂီတသည်ရေစီးကြောင်းပမာ စဉ်ဆက်မပြတ်စီးဆင်းလျက်ရှိသည်။ ရှေးကဂီတပညာရှင်ကြီးများသည် ပါတီနိုင်ငံရေးဆိုသည်ထက် နိုင်ငံ့အရေးကိုအလေးထားကြသည်။ မျိုးဆက်သစ်ဂီတပညာရှင်များအနေဖြင့် သမိုင်းပေးတာဝန်ကျေပွန်ခဲ့သော ဂီတပညာရှင်ကြီးများကို အတုယူကြရမည်ဖြစ်သည်။ နိုင်ငံပြိုကွဲရေးကိုရှေးရှုသည့် ပါတီနိုင်ငံရေးတွင် အနုပညာရှင်အချို့ပါဝင်ခဲ့သည့်အတွက် မသိနားမလည်သော လူငယ်လူရွယ်များ လမ်းမှားသို့ရောက်ရှိသွားကြသည်။ ဤသည်ကိုသင်ခန်းစာယူလျက် အနာဂတ်ကာလတွင် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် သမိုင်းပေးတာဝန်ကျေပွန်သော ဂီတအနုပညာရှင်များအဖြစ် ဂီတအနုပညာဖြင့် နိုင်ငံတော်နှင့်ပြည်သူတို့အကျိုးကို သယ်ပိုးကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် **“ပျော်ရွှင်ချမ်းမြေ့ မြန်မာ့ဂီတနေ့”** ကိုကြိုဆိုဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ငဖဲ၊ လှုမှုရေး

# အလယ်တန်းဆင့် (Grade-9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများဆိုင်ရာ အသိပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး ငဖဲမြို့အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ အလယ်တန်းဆင့်(Grade-9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန်လ ၂၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဦးကျော်ဝင်းက အခြေခံပညာအလယ်တန်းဆင့် (Grade-9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် ပညာသင်ယူနိုင်မည့် အခွင့်အလမ်းဆိုင်ရာများကို သိရှိစေရန်ရည်ရွယ်၍ ဟောပြောပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းက အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း တက်ရောက်ပါက အထက်တန်းပညာနှင့်တွဲဖက်၍ စိုက်ပျိုးရေးပညာများကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပြီး သင်တန်းပြီးပါကဆက်လက်တက်ရောက်နိုင်မည့် စိုက်ပျိုးရေးတက္ကသိုလ်အခွင့်အလမ်းများကိုလည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးမှူးဒေါက်တာချစ်ချယ်ရီစိုးက အဆိုပါအထက်တန်းကျောင်းတွင် အထက်တန်းပညာနှင့်တွဲဖက်၍ မွေးမြူရေးဆိုင်ရာ ပညာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းပြီးပါကဆက်လက်၍ မွေးမြူရေးဆိုင်ရာ တက္ကသိုလ်၊ စိုက်ပျိုးရေးသိပ္ပံနှင့် ငါးလုပ်ငန်းသိပ္ပံ သင်တန်းကျောင်းများ တက်ရောက်နိုင်မည့်အခွင့်အလမ်းများကိုလည်းကောင်း အသီးသီးဆွေးနွေးဟောပြောကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသားမိဘများက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများသို့ တက်ရောက်နိုင်ရေးနှင့်ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

Grade-9 အောင်မြင်ပြီးသူများ တက်ရောက်လျှောက်ထားနိုင်သည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် သင်တန်းသားသစ်များ ခေါ်ယူလျက်ရှိကြောင်းနှင့် မကွေးတိုင်းဒေသကြီးအတွင်း အထက(စကု)၊ အထက(ပြလို့)၊ အထက(မြေပြင်သာ) နှင့် အထက(၁)(သရက်)တို့တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းသိရသည်။ **မယု(ငဖဲ)**

## Myawady Digital Set Top Box ထုတ်နှုတ်ရှုမြင်အစီအစဉ်

၂၈-၆-၂၀၂၄(သောကြာနေ့)

**မြဝတီရုပ်မြင်သံကြား**

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၇း၂၅ ဓမ္မပူဇာတေး
၃။ ၇း၃၅ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၅။ ၉း၃၅ Soft Skill
၆။ ၁၀း၅၀ ကျန်းမာသုတ
၇။ ၁၁း၂၀ အတွေးအမြင်
၈။ ၁၁း၄၀ Sport Review
၉။ ၁၆း၁၅ မျိုးချစ်တပ်မတော်
၁၀။ ၁၆း၄၅ သီချင်းလက်ဆောင်
၁၁။ ၁၈း၁၅ အတွေးအမြင်
၁၂။ ၁၈း၄၅ Sharing Knowledge
၁၃။ ၁၉း၀၀ **(၃၈)ဖြာမင်္ဂလာ**
အပွမာဒေါ်စမေ့သု

**MWD Variety Channel**

၁။ ၉း၁၅ ကလောင်ရှင်များနှင့်တွေ့ဆုံခြင်း
၂။ ၁၀း၃၁ လူငယ်ရှေ့ရေး အတွေးကမ္ဘာ
၃။ ၁၁း၄၄ Countries of the World
၄။ ၁၂း၁၉ ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ
၅။ ၁၄း၃၂ အာရုံခံစား လှည့်ကွက်များ
၆။ ၁၈း၃၅ Wishes For You

## ♫♫ သဇင်(FM) အသံလွှင့်အစီအစဉ် ♫♫

၂၈-၆-၂၀၂၄(သောကြာနေ့)

၁။ ၀၈း၀၀ နှလုံးသားဝယ် ဘုရားတည်
၂။ ၁၂း၁၅ Special Music Time
၃။ ၁၅း၀၀ တော်ဝင်ပန်းလေးသဇင်
၄။ ၁၇း၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၂၁း၂၀ မြန်မာသံစဉ် (ကာလပေါ်)
၆။ ၂၁း၄၀ Love Dictionary

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

မိုင်းဆတ်၊ လူမှုရေး

# မိုင်းဆတ်မြို့နယ် မိုင်းဆတ်အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန်လ ၂၆ ရက် မွန်းလွဲပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း (မိုင်းဆတ်) မြတ်ပညာခန်းမ၌ လူငယ်စကားဝိုင်းကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိုင်းဆတ်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသွယ်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် Grade-9 ကျောင်းသူ မယွန်းမြတ်သာက "လူငယ်နှင့် မူးယစ်ဆေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-9 ကျောင်းသူ မမိုင်သဇင်မိုးက "ရှောင်လေဝေးဝေး မူးယစ်ဆေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသူ မခိုင်သဇင်ဖြူက "မူးယစ်ဆေးဝါးအန္တရာယ်ပြည့်ရန်စွယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 ကျောင်းသူ မမြဖူးသုန်က "စိတ်ကိုမူးယစ်ပြောင်းလဲစေသည့် မူးယစ်ဆေးဝါး" ခေါင်းစဉ်ဖြင့်လည်းကောင်း ဦးဆောင်ဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များမေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက မေးမြန်းချက်များအပေါ် ပြန်လည်ဆွေးနွေးဖြေကြားပြီး လူငယ်စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးကြသည့် ကျောင်းသား၊ ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မီမီဟန်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိုင်းဆတ်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးလင်းထင်ကျော်တို့က အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးကြပြီး တာဝန်ရှိသူများနှင့်ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် စာအုပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ကြည့်ရှုအားပေးကြောင်း သိရသည်။

**မြင့်မောင်(မိုင်းဆတ်)**

ကျိုင်းတုံ၊ စိုက်ပျိုးရေး

# မျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြကွက်များအတွက် မျိုးစေ့ ဓာတ်မြေဩဇာနှင့်မျိုးစေ့ချကိရိယာများပေးအပ်

၂၀၂၄-၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြကွက်များအတွက်မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် မျိုးစေ့ချကိရိယာများပေးအပ်ပွဲအခမ်းအနားကို ဇွန်လ ၂၆ ရက် နံနက်ပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ခွဲ(ရှမ်းအရှေ့)အဖွဲ့ဝင်(၂) ဦးမင်းညိုက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်းက မျိုးစေ့၊ ဓာတ်မြေဩဇာနှင့်မျိုးစေ့ချကိရိယာများပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်အခမ်းအနားသို့ တက်ရောက်လာကြသည့် တောင်သူ ၅၀ ဦးအား တာဝန်ရှိသူများက ယူရီးယားမြေဩဇာ ၂၉၀ အိတ်၊ ကွန်ပေါင်းမြေဩဇာ ၂၉၀ အိတ်၊ မျိုးစေ့ချကိရိယာ ၂၉ ခု ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**မောင်အိုးစည်**



ကျိုင်းတုံ၊ လူမှုရေး

# ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ တတိယအကြိမ် ထုတ်ချေး

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယန်းလောကျေးရွာအုပ်စု ယန်းလောကျေးရွာရှိ ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ တတိယအကြိမ်မြောက်ထုတ်ချေးခြင်းအခမ်းအနားကို ဇွန်လ ၂၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာအရောက် ကွင်းဆင်းထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ခမ်းက ယန်းလောကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၂၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ယန်းလောကျေးရွာတွင် မွေးမြူရေးလုပ်ငန်းနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့်သူ အသင်းသား၊ အသင်းသူ ၃၁ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၂၀ ကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးကြောင်း ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်နိုင်**

ကျိုင်းတုံ၊ လူမှုရေး

# ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ ကဏ္ဍအလိုက် ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်ဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများပါဝင်သည့်အဖွဲ့က ကျိုင်းတုံမြို့ ယန်းကျိန်အုပ်စု ယန်းကျိန်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အသိပညာပေးဟောပြောခြင်းကို ဇွန်လ ၂၆ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျိုင်းတုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှိုင်းမောင်မောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ရပ်ကွက်/ကျေးရွာလုံခြုံအေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းအမှားအမှန် ခွဲခြားသိရှိနိုင်စေရေး စာဖတ်ရှိန်မြင့်တင်ရေး၊ ကျန်းမာရေးနှင့်ပညာရေး အစရှိသောကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆွေးနွေးဟောပြောကြကာ ဒေသခံများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးကြသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒေသခံပြည်သူများသို့ Unique Identification Number (UID) ကတ်များဆောင်ရွက်ပေးခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူရေးလုပ်ငန်းသုံးပိုးသတ်ဆေးများ၊ အနာဖျန်းဆေးများ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများအား လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြောင်း သိရသည်။

**စိုင်းရွှေအောင်(ခရိုင်ပြန်/ဆက်)**

မိုင်းဆတ်၊ လူမှုရေး

# ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှုကို စစ်ဆေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းဆတ်မြို့နယ် ချောင်းဆုံကျေးရွာ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှုကို တာဝန်ရှိသူများသည် ဇွန်လ ၂၆ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေ၊ မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်တိုးနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ဖြင့် ဆောင်ရွက်သည့် မိုင်းဆတ်မြို့နယ် ချောင်းဆုံကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှုကို စစ်ဆေးကြပြီး ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။

အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမှာ အလျား ၃၆ ပေ၊ အနံပေ ၂၀၊ အမြင့် ၁၁ ပေရှိပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(၄၀၄)**

လပွတ္တာ၊ စီးပွားရေး

# လပွတ္တာမြို့နယ်၌ ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ အရောင်းသွက်နေ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ဒေသထွက်ငါးကွမ်းရှပ်ခြောက်များ အရောင်းသွက်နေကြောင်း လပွတ္တာမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ငွေငွေ၏ပြောပြချက်အရ သိရသည်။

လပွတ္တာမြို့နယ်မှ ငါးကွမ်းရှပ်အချိုခြောက်နှင့် အငန်ခြောက်ဟူ၍ နှစ်မျိုးထွက်ရှိကာ ဇွန်လပထမပတ်မှစတင်ပြီး အရောင်းသွက်လာခြင်းဖြစ်သည်။

"ငါးကွမ်းရှပ်ခြောက်တွေ ဇွန်လပထမပတ်လောက်ကတည်းက အရောင်းသွက်နေတာဖြစ်ပါတယ်။ ဒေသထွက်ငါးကွမ်းရှပ်ခြောက်တွေအပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေပါတယ်။ ဝယ်လိုအားကောင်းလာတော့ ငါးခြောက်လုပ်ငန်းလုပ်ကိုင်သူတွေနဲ့ ငါးခြောက်လုပ်သားတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေနေပါတယ်။ လက်ရှိမှာ တခြားငါးခြောက်တွေထက် ငါးကွမ်းရှပ်ခြောက်က ပိုပြီးအဝယ်လိုက်နေပါတယ်" ဟု ဒေါ်ငွေငွေကပြောသည်။

လပွတ္တာမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ဒေသထွက်ငါးကွမ်းရှပ်ခြောက်အပါအဝင် ငါးပိနှင့် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

---

ဝေါ၊ အသိပညာပေး

# ဝေါမြို့နယ်၌ ကျား မရေးရာ အခြေခံသဘောတရားများနှင့် အမျိုးသမီးများအား ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအကြောင်း အသိပညာပေးသင်တန်းဖွင့်

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးကော်မတီမှ ကြီးမှူး၍ ကျား၊ မရေးရာ အခြေခံသဘောတရားများအကြောင်း၊ အမျိုးသမီးများအား ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းအကြောင်းနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်အကြောင်းတို့နှင့်ပတ်သက်၍ အသိပညာပေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂၅ ရက်က ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကိုကိုက အမျိုးသား၊ အမျိုးသမီးများသည် မတူကွဲပြားသည့်အရည်အသွေးများနှင့်ပြည့်ဝနေသော လူသားများဖြစ်သည့်အတွက် မတူကွဲပြားမှုများကို စွမ်းအားအဖြစ်အသုံးချနိုင်ပါက ပိုမိုအကျိုးသက်ရောက်မှုရှိစေမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်းတွင်လည်း လူသားအားလုံးသည် ဂုဏ်သိက္ခာနှင့် အခွင့်အရေးတို့တွင် လွတ်လပ်စွာနှင့်တန်းတူညီမျှ မွေးဖွားလာသူများဖြစ်သည်ဟု ဖော်ပြထားကြောင်း၊ ပြည်သူများအနေဖြင့် အမျိုးသမီးများအရေးနှင့်ပတ်သက်၍ သိရှိလိုသည်များ၊ တွေ့ကြုံနေရမှုများ၊ အကူအညီလိုအပ်နေမှုများရှိပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံတင်ပြကာ လိုအပ်သောအကူအညီများ တောင်းခံနိုင်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန္တာထွေးက ကျား၊ မရေးရာ အခြေခံသဘောတရားများအကြောင်း၊ အမျိုးသမီးများအား ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တို့နှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တိုင်းဒေသကြီး အမျိုးသမီးကော်မတီ အတွင်းရေးမှူး ဒေါ်သန္တာထွေးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

အဆိုပါ အသိပညာပေးသင်တန်းသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အမျိုးသမီးကော်မတီဝင်များ စုစုပေါင်း ၈၀ ဦးခန့် တက်ရောက်ကြကြောင်း သိရသည်။

**(၄၀၁)၊တင်စိုး(ပဲခူး)**

---

နေပြည်တော်၊ ကျေးလက်ဖွံ့ဖြိုးရေး

# ယခုဘဏ္ဍာနှစ်တွင် နိုင်ငံတစ်ဝန်းရှိ ကျေးရွာ ၄၀ ၌ ခေတ်မီစံပြ ကျေးရွာစီမံကိန်းဖော်ဆောင်မည်

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရည်မှန်းချက်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာနှစ်တွင် နိုင်ငံတစ်ဝန်းရှိ ကျေးရွာ ၄၀ ၌ ခေတ်မီစံပြကျေးရွာစီမံကိန်း ဖော်ဆောင်မည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ် ၄၀ တွင်ရှိသည့် ကျေးရွာပေါင်း ၄၀ ၌ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သန်း ၆၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သန်း ၂၄၀၀ သုံးစွဲကာ ခေတ်မီစံပြကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ်မှာ ကယားပြည်နယ်၊ ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးကလွဲလို့ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက မြို့နယ် ၄၀ မှာရှိတဲ့ ကျေးရွာ ၄၀ မှာ ခေတ်မီစံပြကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှာဖြစ်ပါတယ်။ လက်ရှိမှာ စီမံကိန်းဆောင်ရွက်မှုနဲ့ပတ်သက်ပြီး ကျေးရွာရွေးချယ်အတည်ပြုတာ၊ စီမံချက်ရေးဆွဲတာနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ရွေးချယ်တာတွေကို ဆောင်ရွက်နေပြီး အတည်ပြုချက်အားလုံးရပြီဆိုရင် သက်ဆိုင်ရာကျေးရွာတွေမှာ စီမံကိန်းစတင်အကောင်အထည်ဖော် ဆောင်ရွက်မှာပါ" ဟု ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်ကပြောသည်။

အဆိုပါ ခေတ်မီစံပြကျေးရွာများ ဖော်ဆောင်ရာတွင် ခေတ်မီဒစ်ဂျစ်တယ်နည်းပညာများကို တွင်ကျယ်စွာအသုံးပြုခြင်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် နေ့စဉ်လူနေမှုပုံစံများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်လည်း လိုအပ်သောအခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**



# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

မော်သာထွေး(မန္တလေး)

**ယမန်နေ့မှအဆက်**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ၎င်းတို့ပိုင်ဆိုင်သော နှစ်စဉ်ပြန်လည်ပြည့်ဖြိုးမြဲ ရေအရင်းအမြစ်အပေါ် ဓာတ်အားထုတ်လုပ်အသုံးချနိုင်မှုကို အောက်ပါအတိုင်းတွေ့ရသည်-

**နိုင်ငံအသီးသီး၏ ပြန်လည်ပြည့်ဖြိုးမြဲရေအပေါ် ဓာတ်အားထုတ်လုပ်အသုံးချနိုင်မှု**

| စဉ် | နိုင်ငံ | (၂၀၁၅) ခုနှစ် အသုံးချနိုင်မှုရာခိုင်နှုန်း |
|---|---|---|
| ၁။ | အမေရိကန် | ၅၂ |
| ၂။ | ဘရာဇီး | ၄၈ |
| ၃။ | နော်ဝေ | ၄၅ |
| ၄။ | တရုတ် | ၄၁ |
| ၅။ | ကနေဒါ | ၃၂ |
| ၆။ | ဗင်နီဇွဲလား | ၃၁ |
| ၇။ | တူကီယဲ | ၂၇ |
| ၈။ | ကိုလံဘီယာ | ၂၂ |
| ၉။ | အိန္ဒိယ | ၂၁ |
| ၁၀။ | ပါကစ္စတန် | ၁၄ |

မြန်မာနိုင်ငံ၏အသုံးချနိုင်မှုမှာ ၂၀၂၁ ခုနှစ်အထိ ၄ ရာခိုင်နှုန်းခန့်သာရှိသည်။

ရေအရင်းအမြစ်သုံးစွဲ၍ ဓာတ်အားထုတ်လုပ်မှုပိုမိုလာစေရေး ကြိုးပမ်းကြရပေဦးမည်။ သဘာဝတရားကြီးက လက်ဝယ်အရောက်ပို့ပေးထားပြီးဖြစ်သည့် နှစ်စဉ်ပြန်လည်ပြည့်ဖြိုးမြဲရေကို တန်ဖိုးအရှိဆုံး အသုံးချနိုင်ရန် ဆန္ဒပြုပါသည်။

**အခန်း (၁၆)**

**မြန်မာ့ရေအသုံးချမှုနှင့်လျှပ်စစ် (ကိုလိုနီခေတ်)**

ကမ္ဘာဦးကတည်းက တစ်နည်းမဟုတ်တစ်နည်းဖြင့် ပြန်လည်ပြည့်ဖြိုးမြဲရေအားကို အသုံးချခဲ့ကြသည်။ သို့သော် ရေအားကို စက်မှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စတင်အသုံးပြုခဲ့ကြသည်မှာ ၁၇၅၀ ပြည့်နှစ်များ နောက်ပိုင်း၌ စခဲ့သည်။ အစတွင် လျှပ်စစ်ထုတ်လုပ်နိုင်မှုမရှိဘဲ ရေအားဖြင့် ဘီးကိုလည်စေပြီး လည်ပတ်သည့်ဘီးနှင့်ဆက်သွယ်ထားသော စက်ကိရိယာများ၏ဝင်ရိုးများကို ဆက်လက်လည်ပတ်စေခြင်းသာဖြစ်သည်။ ရေအားကိုစက်စွမ်းအားသို့ တိုက်ရိုက်ကူးပြောင်းရယူခြင်းသာဖြစ်သည်။ သို့သော် ဤကိစ္စမှာ ရေရှိသည့်နေရာတွင်သာ စက်များတပ်ဆင်လည်ပတ်ရမည့်သဘောဖြစ်နေသည်။

ရေအားဖြင့် လျှပ်စစ်ထုတ်လုပ်နိုင်လာသည့်အခါမှစ၍ ဓာတ်အားကို ဝိုင်ယာကြိုးများဖြင့်သွယ်ယူ၍ မော်တာများအသုံးပြုပြီး လည်ပတ်နိုင်ခဲ့သည်။

ရေအားဖြင့်လည်ပတ်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် မြန်မာနိုင်ငံသို့ ၁၈၉၈ ခုနှစ်တွင် စတင်ရောက်ရှိလာသည်။ စတင်လည်ပတ်ခဲ့သည့်စက်ရုံမှာ မိုးကုတ်မြို့တွင်တည်ရှိပြီး ကျောက်တွင်းများကို ဓာတ်အားပေးမည့်စက်ရုံဖြစ်သည်။ စက်ရုံသည် မိုးကုတ်မြို့အနီး ခြောက်ထပ်ကြီးချိုင့်အတွင်း တည်ဆောက်ခဲ့သည့် ၄၆၀ ကီလိုဝပ် (၀ ဒသမ ၄၆၀ မဂ္ဂါဝပ်) တပ်ဆင်အင်အားရှိသည့်စက်ရုံဖြစ်သည်။

> “ရေအားဖြင့်လည်ပတ်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် မြန်မာနိုင်ငံသို့ ၁၈၉၈ ခုနှစ်တွင် စတင်ရောက်ရှိလာသည်။ စတင်လည်ပတ်ခဲ့သည့်စက်ရုံမှာ မိုးကုတ်မြို့တွင်တည်ရှိပြီး ကျောက်တွင်းများကို ဓာတ်အားပေးမည့်စက်ရုံဖြစ်သည်။ စက်ရုံသည် မိုးကုတ်မြို့အနီး ခြောက်ထပ်ကြီးချိုင့်အတွင်း တည်ဆောက်ခဲ့သည့် ၄၆၀ ကီလိုဝပ် (၀ ဒသမ ၄၆၀ မဂ္ဂါဝပ်)တပ်ဆင်အင်အားရှိသည့်စက်ရုံဖြစ်သည်···”

သူ့ခေတ်နှင့်သူ ဤစက်ရုံသည် အာရှတွင် အကြီးဆုံးရေအားလျှပ်စစ်စက်ရုံဖြစ်ခဲ့သည်။

အဆိုပါစက်ရုံအနီးနှင့် စက်ရုံဧရိယာတွင် ပတ္တမြားထွက်ရှိနိုင်သည်ဟုဆိုကာ ၁၉၆၇-၁၉၆၈ ခုနှစ်တွင် စက်ရုံကိုဖျက်ဆီးပြီး ပတ္တမြားတူးခဲ့ကြသည်။

တစ်ဖန် ၁၉၈၀-၁၉၈၁ ခုနှစ်တွင် မိုးကုတ်မြို့ကို ဓာတ်အားပေးနိုင်ရေးအတွက် အဆိုပါစက်ရုံကို ပြန်လည်တည်ဆောက်ခဲ့သည်။ ကီလိုဝပ် ၄၀၀၀ (၄ မဂ္ဂါဝပ်) တပ်ဆင်အင်အားရှိသည်။ ပို၍ခေတ်မီပြီး စနစ်ကျသည်။ ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၁၈ ရက်တွင် မိုးကုတ်မြို့သို့ ဓာတ်အားပေးနိုင်ခဲ့သည်။ အဆိုပါဓာတ်အားကို ၁၉၉၂ ခုနှစ် မတ်လ ၂၀ ရက်တွင် မိုးမိတ်မြို့ထိ ပို့လွှတ်နိုင်ခဲ့သည်။

မိုးကုတ်မြို့ကို စာရေးသူအကြိမ်ကြိမ်ရောက်ဖူးသည်။ သတိပြုမိသည်မှာ မြို့၏အနောက်မြောက်အစွန် တောင်ကမ်းပါးယံများတွင် မြေများဖွဲ့ထုတ်ပြီး ကျောက်တူးဖော်ခြင်းလုပ်ငန်းများ လုပ်ကိုင်နေကြသည်။ ကျောက်ရောမြေများကို ရေဖြင့်ထိုးချပြီး အဖိုးတန်ကျောက်ရှာခြင်းဖြစ်သည်။ ၎င်းရေနှင့်အတူ အနည်များ၊ နုန်းများပါလာပြီး မိုးကုတ်မြို့လယ်တွင် ဖြတ်သန်းစီးဆင်းနေသောချောင်းထဲသို့ ရောက်လာသည်။ ချောင်းရေမှာ အမြဲတမ်းကော်ဖီရောင်ပေါက်နေသည်။ ပြေပြစ်သောမြို့လယ်မြေပြန့်တွင် အနည်များပို့ချသည်။ ၁၉၉၄ ခုနှစ်တွင် မိုးသည်းထန်စွာရွာသွန်းချိန် ချောင်းရေလျှံတော့သည်။

မိုးကြီးရေလျှံသည့်အခါ ခြောက်ထပ်ကြီးချိုင့်ထဲတွင် တည်ဆောက်ထားသည့် ရေအားလျှပ်စစ်စက်ရုံကြောင့်ဖြစ်ရသည်ဟု အကြောင်းပြ၍ စက်ရုံနေရာဝန်းကျင်တွင် ကျောက်တူးနိုင်ရေးအတွက် စက်ရုံကိုဖျက်ဆီးရန် ကြိုးပမ်းကြပြန်သည်။ ၎င်းစက်ရုံသာမရှိပါက မိုးကုတ်တစ်မြို့လုံးကို ဒီဇယ်စက်ဖြင့် အချိန်ပိုင်းဓာတ်အားပေးရတော့မည်။

ဤတစ်ကြိမ်တွင်တော့ အစိုးရကလက်မခံတော့ပါ။ ရေအားလျှပ်စစ်စက်ရုံသည် ရေလှောင်တမံအမျိုးအစားစက်ရုံလည်းမဟုတ်ပါ။ ပုံမှန်မြေပြန့်တစ်လျှောက်စီးလာသောရေကို အောက်ဘက် ပေရာချီနက်သောချိုင့်ထဲတွင်ရှိသည့်စက်ရုံသို့ သံမဏိပိုက်ဖြင့်သွယ်တန်းပြီး လည်ပတ်ခြင်းသာဖြစ်သည်။ Run-off-River Type စက်ရုံသာဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် အစိုးရက ဆည်မြောင်းနှင့်ရေအသုံးချရေးဦးစီးဌာနကိုတာဝန်ပေး၍ အဆိုပါချောင်းကို တူးဖော်ပြုပြင်ပေးခဲ့သည်။ ကြုံကြိုက်၍ မိုးကုတ်စက်ရုံသမိုင်းကို ဖော်ပြပေးခြင်းဖြစ်သည်။

ကိုလိုနီခေတ်တွင် ပြန်လည်ပြည့်ဖြိုးမြဲရေကိုသုံး၍ တည်ဆောက်အသုံးပြုခဲ့သော တခြားရေအားလျှပ်စစ်စက်ရုံများလည်းရှိသေးသည်။ အောက်ပါအတိုင်း အကျဉ်းဖော်ပြလိုသည်-

**ပြန်လည်ပြည့်ဖြိုးမြဲရေကိုအသုံးချခဲ့သည့် ကိုလိုနီခေတ်ရေအားလျှပ်စစ်စက်ရုံများ**

| စဉ် | စက်ရုံ | တည်ဆောက်သည့် ခုနှစ် | တပ်ဆင်စက် အင်အား (ကီလိုဝပ်) |
|---|---|---|---|
| ၁ | မိုးကုတ် * | ၁၈၉၈ | ၄၆၀ |
| ၂ | နမ္မတူ(မန်စံ) | ၁၉၂၀ | ၁၀၀၀၀ |
| ၃ | နမ္မတူ (ကုန်းယောင်) | ၁၉၃၃ | ၂၀၀၀ |
| ၄ | ထားဝယ် (ကံပေါက်) | ၁၉၂၇ | ၄၀၀ |
| ၅ | ထားဝယ် (ဟိန္ဒား) | ၁၉၃၄ | ၂၅၆ |
| ၆ | ထားဝယ် (ဖောင်းတော) | ၁၉၃၉ | ၃၇၅၀ |
| ၇ | မော်ချီး-၁ | ၁၉၃၆ | ၁၅၀ |
| ၈ | မော်ချီး-၂ | ၁၉၃၆ | ၃၃၀ |
| ၉ | သီပေါ (စခန်းသာ) | ၁၉၂၇ | ၄၅ |
| ၁၀ | နမ့်ဆန် | ၁၉၃၇ | ၄၅ |
| ၁၁ | ပြင်ဦးလွင် (ဝက်ဝံချိုင့်) | ၁၉၃၆ | ၂၂၅ |

***အဆိုပါကာလတွင် အာရှတိုက်တွင် အကြီးဆုံးရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်ခဲ့သည်။**

အဖိုးတန်ကျောက်သံပတ္တမြားနှင့် သတ္တုတူးဖော်ရာတွင် ဓာတ်အားရရှိရေး၊ လက်ဖက်ခြောက်စက်ရုံများ ဓာတ်အားပေးရေး၊ မျက်နှာဖြူများ နွေရာသီအပန်းဖြေရန်နှင့် ရုံးစိုက်ရာမြို့များသို့ ဓာတ်အားပေးရေး စသည်တို့အတွက်သာဖြစ်သည်။

ပထမကမ္ဘာစစ်အပြီး ၁၉၂၀ ပြည့်နှစ်များမှစ၍ ဧရာမရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများ ကမ္ဘာတွင် အသီးသီးပေါ်လာသည်။ သို့သော် နှစ်ပေါင်း ၁၂၄ နှစ်အကြာ အုပ်ချုပ်သွားသော နယ်ချဲ့တို့သည် ဤကဲ့သို့ ရေရှည်အကျိုးဖြစ်ထွန်းပြီး နိုင်ငံတွင်ကျန်ရစ်ခဲ့မည့်စက်ရုံမျိုးကို အားမထည့်ခဲ့ပါ။ မြန်မာနိုင်ငံမှ ဆန်စပါး၊ အဖိုးတန်သစ်၊ ရေနံ၊ ကျောက်သံပတ္တမြား၊ သတ္တုရိုင်း စသည့် မြန်မြန်ထုတ်၊ မြန်မြန်သယ်၊ မြန်မြန်ငွေဖြစ်စေမည့် အလုပ်များအတွက်သာရင်းကြသည်။ ဥပမာ-လားရှိုးရထားလမ်း (နမ္မတူ သတ္တုရိုင်းသယ်ရန်)၊ မိုးကုတ်ကားလမ်း (ကျောက်သံပတ္တမြားတူးဖော်သယ်ယူရန်)၊ ထားဝယ်-ဟိန္ဒားလမ်း (သတ္တုသယ်ရန်) အစရှိသည့်လုပ်ငန်းများကိုသာ ဦးစားပေးလုပ်ဆောင်ခဲ့ကြသည်။ သို့သော် နယ်ချဲ့အင်္ဂလိပ်တို့သည် လိုအပ်လာလျှင်သုံးနိုင်ရန် မစ္စတာရိုက် ( Mr Raik) ဆိုသူ ရေအားလျှပ်စစ်တိုင်းတာရေးအင်ဂျင်နီယာတစ်ဦးအားတာဝန်ပေးပြီး လျှို့ဝှက်စာတမ်းပြုစုစေခဲ့ကြောင်း နောင်တွင်တွေ့ကြရသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

**ယင်းမာပင်၊ စိုက်ပျိုးရေး**

## ယင်းမာပင်ခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲ ၁၃၉၁၈၆ ဧက နုတ်သိမ်းပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးထားသော ကုလားပဲများကို ယခုနှစ်ဖေဖော်ဝါရီလမှ စတင်နုတ်သိမ်းခဲ့ကြရာ လက်ရှိတွင် ၁၃၉၁၈၆ ဧက နုတ်သိမ်းပြီးစီးနေပြီဖြစ်ပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၇ ဒသမ ၅၆ တင်းခန့်ထွက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“ယင်းမာပင်ခရိုင်မှာ ပြီးခဲ့တဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီက ကုလားပဲ ၁၃၉၁၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ ဧကအားလုံး နုတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးပါတယ်” ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းကပြောသည်။

ယင်းမာပင်ခရိုင်၌ မြို့နယ်အလိုက် ကုလားပဲ နုတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်၌ ၃၅၅၆၁ ဧက၊ ကနီမြို့နယ်၌ ဧက ၃၆၂၀၊ ဆားလင်းကြီးမြို့နယ်၌ ၄၂၅၀၅ ဧကနှင့် ပုလဲမြို့နယ်၌ ဧက ၅၇၅၀၀ စုစုပေါင်း ၁၃၉၁၈၆ ဧက ဖြစ်သည်။

ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကုလားပဲစိုက်ပျိုးရာသီတွင် အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် ရိတ်သိမ်းချိန်အမီစိုက်ပျိုးနိုင်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၀၉)

ရန်ကုန်၊ အသိပညာပေး

# တွံတေးမြို့နယ်၌ ခရိုင်အဆင့် အားကစားနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ်၌ လူငယ်များ ဘက်စုံဖွံ့ဖြိုး တိုးတက်စေရန်နှင့် ဗလငါးတန်ပြည့်စုံပြီး အသိပညာဗဟုသုတကြွယ်ဝစေရန် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇွန်လ ၂၇ ရက်တွင် တွံတေးမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မှ Grade-6 ကျောင်းသူလေးများက အလှကမ္ဘာမြေ တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဝင်းထွန်းနိုင်က ကျောင်းအုပ်ဆရာမကြီးအား အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃) ဦးမောင်မောင်နှင့် ခရိုင်ပညာရေးမှူး ဒေါ်ခင်စန်းရီတို့က အဖွင့်အမှာစကားများပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဦးက စာတတ်ပြီး စာဖတ်သူနှင့် စာတတ်ပြီး စာမဖတ်သူတို့အကြောင်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လူငယ်နှင့်အားကစားအကြောင်းခေါင်းစဉ်များဖြင့် ဟောပြောသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဝင်းထွန်းနိုင်၊ အဖွဲ့ဝင်(၃) ဦးမောင်မောင်၊ ခရိုင်ပညာရေးမှူးနှင့် အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။



မျိုးလှိုင်(တွံတေး)

ကျောက်ဆည်၊ စိုက်ပျိုးရေး


# ကျောက်ဆည်မြို့နယ်၌ သင်းတွဲမြောင်းမှ ရေပွန်လေးလုံးအား ပြန်လည်ပြုပြင်ပေးခဲ့သဖြင့် သီးနှံမျိုးစုံ အောင်မြင်စွာစိုက်ပျိုးနိုင်ပြီဖြစ်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးသီးနှံများအောင်မြင်ဖြစ်ထွန်းရေး ဆည်ရေသောက်စနစ်ဖြင့် ရေပေးဝေနေသည့် ရေမြောင်းများ၊ ရေကျအဆောက်အအုံများ၊ မြောင်းဘောင်ပြန်လည်ပြုပြင်ပေးခြင်း၊ အသစ်ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သင်းတွဲမြောင်းမှ ရေပွန်လေးလုံးအား ပြန်လည်ပြုပြင်ပေးခဲ့သဖြင့် လယ်ယာမြေဧက ၁၅၀ တွင် သီးနှံမျိုးစုံ အောင်မြင်စွာစိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြန်လည်ပြုပြင်ပေးခဲ့သည့် ရေပွန်များသည် ကျောက်ဆည်မြို့နယ် ဗလီကွင်းကျေးရွာအနီးမှ မြောင်း၏ဝဲဘက်ပေတိုင် အမှတ်(၃၆+၅၂၀)၊ (၃၆+၇၈၄)၊ (၃၈+၆၇၅)နှင့် (၄၃+၈၇၀) နေရာများ၌ တည်ရှိသောရေပွန်များဖြစ်သည်။ အဆိုပါရေပွန်များကို မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း ခွင့်ပြုငွေ ငွေကျပ် ၃၅ သန်း အကုန်ကျခံဆောင်ရွက်ပေးခြင်းဖြစ်သည်။

ရေပွန်များ ပြန်လည်ပြုပြင်ပေးခဲ့ခြင်းကြောင့် အဆိုပါမြောင်းမှ စိုက်ပျိုးရေများ ပေးဝေသည့်အချိန်တွင် ရေတံခါးများဖြင့် လိုအပ်သလိုထိန်းညှိပေးနိုင်သဖြင့် သတ်မှတ်ချိန်အတွင်း ရေအလေအလွင့်နည်းပါးစွာပေးဝေနိုင်ပြီဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မြစ်ကြီးနား | (၄. ၂၉)လက်မ |
| ဘီးလင်း | (၂. ၂၀)လက်မ |
| ပူတာအို | (၁. ၆၂)လက်မ |
| မြင်းခြံ | (၁. ၄၆)လက်မ |
| မိုးကုတ် | (၁. ၂၆)လက်မ |
| ရန်ကုန်(ဗိုလ်တထောင်) | (၁. ၂၆)လက်မ |
| ခနုဖြူ | (၁. ၂၃)လက်မ |
| အမ်း | (၁. ၂၂)လက်မ |
| ဇလွန် | (၁. ၂၂)လက်မ |
| ရွှေကူ | (၁. ၁၄)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၄ | ၃၀ |
| ရှမ်း(မြောက်) | ၂၃ | ၃၃ |
| ရှမ်း(အရှေ့) | ၂၂ | ၃၀ |
| ရှမ်း(တောင်) | ၁၉ | ၂၆ |
| ချင်း | ၁၆ | ၂၃ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၃ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၃ |
| နေပြည်တော် | ၂၄ | ၃၂ |
| မန္တလေး | ၂၇ | ၃၆ |
| မကွေး | ၂၅ | ၃၃ |
| ရခိုင် | ၂၄ | ၃၂ |
| ပဲခူး | ၂၄ | ၃၂ |
| ရန်ကုန် | ၂၅ | ၃၀ |
| ဧရာဝတီ | ၂၄ | ၃၂ |
| ကယား | ၂၂ | ၃၀ |
| ကရင် | ၂၄ | ၃၀ |
| မွန် | ၂၄ | ၂၉ |
| တနင်္သာရီ | ၂၃ | ၂၈ |

ကျွန်းလှ၊ စိုက်ပျိုးရေး

# ကျွန်းလှမြို့နယ်၌ ယခုနှစ်မိုးရာသီတွင် အစေ့ထုတ်ပြောင်းဧက ၁၄၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ယခုနှစ်မိုးရာသီတွင် အစေ့ထုတ်ပြောင်း ဧက ၁၄၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ်မိုးရာသီမှာ အစေ့ထုတ်ပြောင်း ၁၄၉၉၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ အစေ့ထုတ်ပြောင်းစိုက်ပျိုးရာမှာ တခြားသီးနှံတွေနဲ့ သီးညပ်စိုက်ကြသလို သီးသန့်လည်းစိုက်ကြပါတယ်။ အစေ့ထုတ်ပြောင်းကို ဇွန်လကနေ စတင်စိုက်ပျိုးကြပြီး တိုးချဲ့စိုက်ပျိုးဖို့နဲ့ သီးထပ်၊ သီးညပ်စိုက်ပျိုးကြဖို့ တောင်သူတွေနဲ့ ဆွေးနွေးနေပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောသည်။

အဆိုပါ အစေ့ထုတ်ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်၌ ပြီးခဲ့သည့်နှစ်မိုးရာသီက အစေ့ထုတ်ပြောင်း ၁၄၉၉၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ပျမ်းမျှ ၄၈ ဒသမ ၆၉ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၆-၂၀၂၄ ရက်နေ့ထုတ် မြဝတီနေ့စဉ်သတင်းစာ၏ စာမျက်နှာ ၅ တွင် ဖော်ပြပါရှိသည့် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း (MAI)မှ ရန်ကုန်-ဗီယင်ကျန်း ခရီးစဉ်သစ် စတင်ပျံသန်းသတင်း၌ "ရန်ကုန်မှ ညနေ ၆ နာရီတွင်ထွက်ခွာ၍ ဗီယင်ကျန်းမြို့သို့ ဒေသစံတော်ချိန် ည ၁၀ နာရီတွင်ဆိုက်ရောက်မည်နှင့် ဗီယင်ကျန်းမြို့မှ ဒေသစံတော်ချိန် ည ၁၁ နာရီတွင် ပြန်လည်ထွက်ခွာ၍ ရန်ကုန်မြို့သို့ နံနက် ၇ နာရီခွဲတွင်ဆိုက်ရောက်မည်" အစား "ရန်ကုန်မှ ညနေ ၅ နာရီတွင်ထွက်ခွာ၍ ဗီယင်ကျန်းမြို့သို့ မြန်မာစံတော်ချိန် ည ၆ နာရီခွဲတွင် ဆိုက်ရောက်မည်နှင့် ဗီယင်ကျန်းမြို့မှ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ပြန်လည်ထွက်ခွာ၍ ရန်ကုန်မြို့သို့ ည ၉ နာရီတွင် ဆိုက်ရောက်မည်"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကျုံပျော်၊ စိုက်ပျိုးရေး

# ကျုံပျော်ခရိုင်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲ ၄၂၅၇၉ ဧက ရိတ်သိမ်းပြီးစီး

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဗိုလ်ကိတ်ပဲ ၄၂၅၇၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်၏ပြောဆိုချက်အရ သိရသည်။

ကျုံပျော်ခရိုင်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက ဗိုလ်ကိတ်ပဲ ၄၂၅၇၉ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲခင်းများကို မတ်လ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းပြီးဖြစ်သော ဗိုလ်ကိတ်ပဲ တစ်ဧကလျှင် ၁၅ ဒသမ ၆၆ တင်းအထိထွက်ရှိခဲ့ကြောင်း သိရသည်။

"ကျုံပျော်ခရိုင်မှာ ဗိုလ်ကိတ်ပဲဧက ၄၂၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ရိတ်သိမ်းပြီးတဲ့ ဗိုလ်ကိတ်ပဲတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူတွေကို လိုအပ်တဲ့သွင်းအားစုတွေနဲ့ စိုက်ပျိုးရေးနည်းပညာပေးတာတွေ ကူညီဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ဦးကျော်ကျော်ကပြောသည်။

ကျုံပျော်ခရိုင်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက ဗိုလ်ကိတ်ပဲ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကျုံပျော်မြို့နယ်၌ ၁၆၂ ဧက၊ ရေကြည်မြို့နယ်၌ ၂၈၁၃၃ ဧက၊ ကျောင်းကုန်းမြို့နယ်၌ ၁၄၂၈၄ ဧက စုစုပေါင်း ၄၂၅၇၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

သုတကျော်

နေပြည်တော် ဇွန် ၂၇

# ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)သို့ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြား





ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃) ညီလာခံခန်းမ၌ကျင်းပရာ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီငါးခုမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ DEDC joint Task Force မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဒစ်ဂျစ်တယ်နည်းပညာကို အကျိုးရှိရှိအသုံးပြုပြီး အုပ်ချုပ်ရေး၊ အခြေခံအဆောက်အဦနှင့် ကုန်သွယ်ရေး၊ ပညာရေး၊ လူမှုရေးအစရှိသည့် နယ်ပယ်အသီးသီးတွင် ဒစ်ဂျစ်တယ်အသွင်ကို ဟန်ချက်ညီညီကူးပြောင်းဆောင်ရွက်ကြခြင်းအားဖြင့် နိုင်ငံ၏ Digital Economy ကို ဖွံ့ဖြိုးတိုးတက်လာစေပြီး The Global Value Chain ဟုခေါ်သည့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်ကို ချိတ်ဆက်တိုးတက်လာနိုင်မည် ဖြစ်ပါကြောင်း။

Digital Transformation လုပ်ငန်းများအောင်မြင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် (Human Capital)ကို ပြုစုပျိုးထောင်ပေးရန် အလွန်အရေးကြီးကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးကဏ္ဍစုံကို Digital Transformation ဆောင်ရွက်ခြင်းဖြင့် မြန်မာ့ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာ့ဒစ်ဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေမည့် မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (အပြီးသတ်မူကြမ်း) (Myanmar Digital Economy Roadmap 2030)(Final Draft)ကို ယနေ့အစည်းအဝေးတွင် အတည်ပြုနိုင်ရေးဆွေးနွေးသွားမည်ဖြစ်ပြီး ရှေ့လုပ်ငန်းစဉ်များဖြင့် DEDC ကော်မတီ၏လုပ်ငန်းရပ်များ ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရေး အခြားအကြံပြုလိုသည်များကိုလည်း ပွင့်လင်းစွာတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယခင်က ရေးဆွဲခဲ့သည့် မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်ပါ စီးပွားရေးဦးတည်ချက် (၃) ရပ်နှင့်အညီ ဖြစ်စေရေး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(World Trade Organization-WTO) နှင့် ဒေသတွင်း အာဆီယံတို့တွင်ဆွေးနွေးညှိနှိုင်းလျက်ရှိသည့် E-Commerce & Digital Economy ဆိုင်ရာကတိကဝတ်များနှင့် ကိုက်ညီစေရေး၊ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် Action Plan များကို ခေတ်ကာလနှင့်အညီ လက်တွေ့တွင် အမှန်တကယ်ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစဉ်များဖြစ်စေရေးအတွက် ပြန်လည်ပြင်ဆင်၍ မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (အပြီးသတ်မူကြမ်း) (Myanmar Digital Economy Roadmap 2030-Final Draft) အဖြစ် ရေးဆွဲထားပြီးဖြစ်ပါကြောင်းနှင့် အဆိုပါလမ်းပြမြေပုံပါလုပ်ငန်းရပ်များကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများအလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းကော်မတီများအလိုက် လက်ရှိဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီလက်အောက်ရှိလုပ်ငန်းကော်မတီ (၅) ခုတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲထားသည့် မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (အပြီးသတ်မူကြမ်း) နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်နေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီနာယကက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးတွင် ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲထားသည့် မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (အပြီးသတ်မူကြမ်း) (Myanmar Digital Economy Roadmap 2030-Final Draft) ကို Living Document အဖြစ် အတည်ပြုနိုင်ရေးဆောင်ရွက်သွားရန်နှင့် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

---

နယူးဒေလီ ဇွန် ၂၇

# အိန္ဒိယပြည်ပရေးရာဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နယူးဒေလီမြို့၌ သီးခြားတွေ့ဆုံ

အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)၏ (၁၉)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ခရီးစဉ်ဒုတိယပိုင်းအဖြစ် ဇွန်လ ၂၅ ရက်က အီရန်နိုင်ငံ တီဟီရန်မြို့မှ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ဆက်လက်ထွက်ခွာလာရာ ဇွန်လ ၂၆ ရက် နံနက်ပိုင်းတွင် နယူးဒေလီမြို့သို့ ရောက်ရှိသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် နယူးဒေလီမြို့သို့ ရောက်ရှိစဉ်အတွင်း အဆိုပါမြို့ရှိ မြန်မာသံရုံး၏ ရုံးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဇွန်လ ၂၆ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ **အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ် ဂျိုင်ရှန်ကာ**နှင့် နယူးဒေလီမြို့ရှိ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန၌ နှစ်နိုင်ငံသီးခြားတွေ့ဆုံဆွေးနွေးသည်။

**အိန္ဒိယပြည်ပရေးရာဝန်ကြီးနှင့် တွေ့ဆုံစဉ်**

မြန်မာနှင့်အိန္ဒိယနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ တရားမဝင်မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ဖောက်ကားမှုများ၊ လူကုန်ကူးမှုများတိုက်ဖျက်ရေး စသည့်ကဏ္ဍများတွင် နှစ်နိုင်ငံအပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ အေစီဒီနှင့် ဘင်းမ်စတက်မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ပရေးရာဝန်ကြီးအဖြစ် ဆက်လက်ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၂၇ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။**(သတင်းစဉ်)**

နေပြည်တော်၊ လူမှုရေး

## ဇေယျာသီရိမြို့နယ်အတွင်းရှိ ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ဆန်များရောင်းချပေး



နေပြည်တော်ကောင်စီ၏ကြီးကြပ်မှုဖြင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ဆန်များရောင်းချပေးခြင်းကို ဇွန်လ ၂၇ ရက် နံနက်ပိုင်းတွင် ပြည်စံအောင်ရပ်ကွက် ပြည်စံအောင်ဈေးအတွင်း၌ ရောင်းချပေးကြောင်းသိရသည်။

ထိုသို့ရောင်းချရာတွင် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဆန်စက်လုပ်ငန်းရှင်များအသင်း ရွှေပြည်စိုးဆန်စက်မှ တာဝန်ရှိသူများ ပူးပေါင်းရောင်းချပေးခြင်းဖြစ်ပြီး ပြည်စံအောင်ရပ်ကွက်နှင့် ဈေးအတွင်းရှိ ဈေးဝယ်လာရောက်သည့် ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ဧည့်မထဆန် ၂၄ ပြည်အိတ် ၁၁၀ ကို ရောင်းချပေးကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ (၄၁၃)

မိတ္ထီလာ၊ လူမှုရေး

## မိတ္ထီလာ- ကျောက်ပန်းတောင်းလမ်းမှ အိုင့်-သနပ်အိုင့်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ကျန်ရှိသည့် မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းမှ အိုင့်-သနပ်အိုင့်လမ်းအားကတ္တရာခင်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများသွားလာရာတွင် အဆင်ပြေစေရန် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၁၉၉ ဒသမ ၁၉ သန်းဖြင့် ကျေးရွာငါးရွာမှ ဒေသခံပြည်သူများ ဖြတ်သန်းသွားလာသည့် မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းမှ အိုင့်-သနပ်အိုင့်လမ်း အရှည် သုည ဒသမ ၆ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၁၅ လက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းအား မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၂၆ ဒသမ ၁၀၀ သန်း ဖြင့် ကျန်ရှိသည့်မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းမှ အိုင့်-သနပ်အိုင့်လမ်း အရှည် သုည ဒသမ ၃ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၁၅ လက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဇွန်လဒုတိယပတ်မှစတင်၍ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းမှ အိုင့်-သနပ်အိုင့်လမ်းအားကတ္တရာခင်းခြင်းလုပ်ငန်း ရာခိုင်နှုန်းပြည့်ပြီးစီးပါက မြင်ကန်းကျေးရွာအုပ်စုနှင့် ကျွဲတလင်းကျေးရွာအုပ်စုတို့ရှိ ကျေးရွာငါးရွာမှအိမ်ထောင်စု ၆၅၆ စု၊ ဒေသခံပြည်သူ ၃၀၉၃ ဦးတို့မှာ ရာသီမရွေးအဆင်ပြေချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။ (၆၀၂)



ကျိုက်ထို၊ လူမှုရေး

## မုန်တိုင်းဘေးနှင့် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် မုန်တိုင်းဘေးနှင့် ရေဘေးအန္တရာယ်ဖြစ်ပွားလာပါက ကြိုတင်ကာကွယ်နိုင်ရေးစုပေါင်းဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇွန်လ ၂၆ ရက် နံနက်ပိုင်းတွင် ကျိုက်ထိုမြို့ မြောက်ပိုင်းရပ်ကွက်ရှိ ကဒက်ချောင်းရေထိန်းတံခါး၌ ပြုလုပ်ကြောင်းသိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျိုက်ထိုခရိုင်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဦးဇေယျာဦးက ဘေးအန္တရာယ်ဖြစ်ပွားခဲ့မှုအခြေအနေများနှင့် ဘေးမဖြစ်မီ၊ ဘေးဖြစ်ဆဲ၊ ဘေးဖြစ်ပွားပြီးစနစ်တကျဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိဦးဝေယံအောင်က မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်သည့် ကြိုတင်သတိပြုရမည့်အခြေအနေများ၊ ဘေးလွတ်ရာယာယီကယ်ဆယ်ရေးစခန်းသို့ ရွှေ့ပြောင်းခိုလှုံခြင်း၊ ထိခိုက်ဒဏ်ရာရသူများအား ရှေးဦးပြုစုခြင်း၊ ဘေးလွတ်ရာသို့ရောက်ရှိသူများအား ကျန်းမာရေးပြုစုစောင့်ရှောက်မှုဆောင်ရွက်ခြင်း စသည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကဏ္ဍအလိုက် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းများပြုလုပ်ကြရာ ခရိုင်နှင့် မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဝင်များ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ လူမှုကူညီရေးအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။ (၄၀၆)

လားရှိုး၊ လူမှုရေး

## အသိပညာပေးဟောပြောပွဲများကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲများကို ဇွန်လ ၂၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးဆန်းဝင်းသိန်းက အမှာစကားပြောကြားပြီး အမှတ်(၁၂၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(လားရှိုး)မှ ရဲအုပ်ဗိုလ်ဗိုလ်ထိုက်က ယာဉ်တိုက်မှုဖြစ်ပွားရခြင်းအကြောင်းရင်းများ၊ ယာဉ်တိုက်မှုမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်နိုင်စေရန် နည်းလမ်းများကိုလည်းကောင်း၊ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (လားရှိုး)မှ စစ်ဆေးရေးမှူး(၂) ဦးစိုးရွှေက ယာဉ်စည်းကမ်းဆိုင်ရာများကိုလည်းကောင်း၊ အမှတ်(၂၄)မူးယစ်တပ်ဖွဲ့စု (လားရှိုး)မှ ရဲအုပ်ဇော်ထိုက်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းသိကောင်းစရာများနှင့် အမှတ်(၁၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(လားရှိုး)ရဲမှူးဝင်းညွန့်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်းသိကောင်းစရာများကို ဟောပြောကြကြောင်း သိရသည်။ (၄၀၄)

ရွှေဘို၊ စိုက်ပျိုးရေး

## ရွှေဘိုခရိုင်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေနှမ်း ၇၇၆၇ ဧကရိတ်သိမ်းပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနွေနှမ်း ၇၇၆၇ ဧကရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

၂၀၂၃- ၂၀၂၄ ခုနှစ် နွေသီးနှံစိုက်ပျိုးချိန်၌ ရွှေဘိုခရိုင်တွင် စိုက်ပျိုးထားသောနွေနှမ်းစိုက်ခင်းများရိတ်သိမ်းပြီးစီးမှုကို ယခုနှစ် မေလမှစတင်၍ ရိတ်သိမ်းကြရာ ယနေ့အထိ ၇၇၆၇ ဧကရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၅ ဒသမ ၀၅ တင်းထွက်ရှိကြောင်း သိရသည်။

“ရွှေဘိုခရိုင် နွေသီးနှံစိုက်ပျိုးချိန်၌ နွေနှမ်း ၇၃၈၃၄ ဧကစိုက်ပျိုးထားတယ်။ လက်ရှိ ၇၇၆၇ ဧက ရိတ်သိမ်းပြီးစီးနေပါပြီ။ ဆက်လက်ရိတ်သိမ်းလျက်ရှိပါတယ်။ နွေနှမ်းစိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးစိုက်နိုင်တဲ့အနေအထားမှာ ရှိပါတယ်။ ဒီနှစ်လည်း နွေနှမ်းစိုက်ပျိုးမှုလျာထားချက်ထက် ပိုစိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ခဲ့တယ်။ ဒါ့အပြင် အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်”ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းကပြောသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက်နွေနှမ်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၇၁၄၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၅၂၃ ဧကနှင့်ကျောက်မြောင်းမြို့နယ်ခွဲတွင် ၉၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

၂၀၂၃- ၂၀၂၄ ခုနှစ် နွေသီးနှံစိုက်ပျိုးချိန်၌ ရွှေဘိုခရိုင်တွင် နွေနှမ်း ၇၁၇၁၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဖေဖော်ဝါရီလမှစတင်၍ ဧပြီလအထိစိုက်ပျိုးကြရာ ရွှေဘိုမြို့နယ်တွင် ၇၁၄၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၅၂၃ ဧက၊ ဝက်လက်မြို့နယ်တွင် ၆၆၀၆၇ ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲတွင် ၉၉ ဧက စိုက်ပျိုးနိုင်ကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၄၀၉)

# အဆုတ်ထဲရေဝင်ခြင်းနှင့် အကြောင်းရင်းလက္ခဏာများ

အဆုတ်ထဲရေဝင်တယ်ဆိုတာ တကယ်တော့ အဆုတ်ကိုဖုံးထားတဲ့ အတွင်းမြှေးနဲ့ အပြင်မြှေးကြားထဲကို ရေဝင်တာဖြစ်ပါတယ်။ အဆုတ်ထဲကို ရေဝင်တာ၊ ပြည်ဝင်တာ၊ သွေးဝင်တာဖြစ်နိုင်သလို လေဝင်တာလည်းဖြစ်နိုင်ပါတယ်။

အဆုတ်ထဲရေဝင်တာဆိုရင် အကြောင်းရင်းနှစ်ချက်ရှိပါတယ်။ သွေးထဲမှာရှိတဲ့ ရေဖိအားများတာနဲ့ သွေးထဲမှာရှိတဲ့ အမိုင်နိုအက်စစ်နဲ့ ပရိုတင်းတွေရဲ့ရေဆွဲအားနည်းသွားရင် အဆုတ်ထဲ ရေဝင်နိုင်ပါတယ်။ ဒ့ါပြင် တခြားရောဂါတစ်ခုခုကြောင့် အဆုတ်ထဲရေဝင်နိုင်သလို အဆုတ်ထဲမှာ ရောဂါတစ်ခုခုရှိတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ရောဂါအနေနဲ့သတ်မှတ်ရရင် နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ အသည်းရောဂါ၊ အဆုတ်ရောဂါတွေကြောင့် အဆုတ်ထဲရေဝင်နိုင်ပါတယ်။ ရေဖိအားနဲ့ ရေဆွဲအားမညီမျှလို့ အဆုတ်ထဲရေဝင်တာဆိုရင်တော့ အဲဒီအပေါ်မှာ ထပ်ပြီးခွဲခြားလို့ရပါတယ်။

အဆုတ်ကြောင့်မဟုတ်ဘဲ တခြားရောဂါတွေကြောင့်လည်း အဆုတ်ထဲရေဝင်နိုင်ပါတယ်။ နှလုံးနဲ့ပတ်သက်ရင် နှလုံးရောဂါဖြစ်တဲ့အခါ နှလုံးကလုပ်ဆောင်ရမယ့်အလုပ်ကို ကောင်းကောင်းမလုပ်နိုင်တဲ့အတွက် သွေးတွေနောက်ပြန်ကန်ပြီး အဆုတ်ထဲရေဝင်နိုင်ပါတယ်။ အဆုတ်နှစ်ဖက်စလုံးမှာဖြစ်နိုင်ပါတယ်။ အသည်းခြောက်ရင်လည်း ပရိုတင်းဓာတ်နည်းပြီး ရေဆွဲအားနည်းသွားတာကြောင့် ရေဖျဉ်းစွဲတာ၊ အဆုတ်ထဲရေဝင်တာ၊ တစ်ကိုယ်လုံးဖောရောင်တာတွေဖြစ်နိုင်ပါတယ်။ ကျောက်ကပ်မကောင်းရင်လည်း ရေဆွဲတဲ့ပရိုတင်းဓာတ်တွေနည်းသွားပြီး ကျောက်ကပ်ရဲ့လုပ်ငန်းဆောင်တာတွေ မကောင်းတဲ့အခါ မျက်နှာတွေဖောလာမယ်၊ အဆုတ်ထဲရေဝင်ပြီး တစ်ကိုယ်လုံးဖောရောင်လာမယ်။ အသားဓာတ်လုံးဝမစားဘဲ သက်သတ်လွတ်စားသူတွေမှာ အသားဓာတ်နည်းတာကြောင့် အဆုတ်ထဲရေဝင်နိုင်ပါတယ်။ အမျိုးသမီးတွေမှာ တွေ့ရတတ်တဲ့ တွယ်ဆက်တစ်သျှုးတွေ မကောင်းတဲ့ရောဂါ၊ နှလုံးကြွက်သားသွေးမလျှောက်တဲ့နှလုံးရောဂါ၊ သိုင်းရွိုက်ဂလင်းပုံမှန်အလုပ်မလုပ်တာကြောင့်လည်း ဖြစ်နိုင်ပါတယ်။

**"အဆုတ်ရောဂါကြောင့် အဆုတ်ထဲရေဝင်တဲ့အခါ ရောဂါလက္ခဏာတွေက အသက်ရှူတာနဲ့ ဆက်နွှယ်နေပါတယ်။ အသက်ရှူတဲ့အချိန်မှာနာတယ်။ အဆုတ်ထဲကိုလေပြည့်အောင် အသက်တဝကြီးရှူလိုက်တဲ့အချိန်မှာ အနာဆုံးပါပဲ။ လူနာကိုမေးလိုက်လို့ အသက်ရှူတဲ့အချိန်မှာနာတယ်ဆိုရင်တော့ အဆုတ်ထဲရေဝင်တာကို အဓိကထားစဉ်းစားရမယ်။ ခန္ဓာကိုယ်ရဲ့ရင်ခေါင်းပိုင်းမှာက အဆုတ်၊ နှလုံး၊ အစာအိမ်၊ အစာမျိုပြွန်၊ နံရိုး၊ နံရိုးကြားမှာရှိတဲ့ကြွက်သားတွေရှိတယ်။ ဒါကြောင့် နာတာက တခြားအင်္ဂါတွေကြောင့်လည်း ဖြစ်နိုင်ပါတယ်…"**

အဆုတ်ထဲရေဝင်နိုင်တဲ့ အဆုတ်ရောဂါတွေမှာ အဆုတ်တီဘီရောဂါ၊ အဆုတ်ကင်ဆာနဲ့ နမိုးနီးယားအဆုတ်ရောင်ရောဂါတို့ဖြစ်တယ်။

အဆုတ်ထဲရေဝင်ရင် ခံစားရတဲ့လက္ခဏာတွေက အသက်ရှူလိုက်တဲ့အခါ အောင့်ပြီးနာလာတယ်၊ ရောဂါဖြစ်တဲ့အဆုတ်ဘက်ခြမ်းကနာလာတယ်၊ အောင့်လာတယ်ဆိုရင် အဆုတ်ထဲရေဝင်တာရဲ့ ရှေ့ပြေးလက္ခဏာဖြစ်နိုင်ပါတယ်။ အဆုတ်ထဲရေမဝင်ခင် အဆုတ်မြှေးရောင်ပြီဆိုရင်လည်း အသက်ရှူရင် အဲဒီဘက်တစ်ခြမ်းက အရမ်းနာလာတယ်။ အဲဒီလိုခံစားရတဲ့အခါ ဆရာဝန်နဲ့ကြိုတင်ကုသထားမယ်ဆိုရင် အဆုတ်ထဲရေဝင်တဲ့အဆင့်ထိ မရောက်နိုင်ပါဘူး။ တချို့လူနာတွေကတော့ အဆုတ်ထဲရေဝင်ပြီး အဆုတ်တစ်ခြမ်းလုံးဖြူဖွေးနေတဲ့အခြေအနေရောက်မှ ဆရာဝန်ဆီ ရောက်လာတာမျိုးရှိပါတယ်။

အဆုတ်ရောဂါကြောင့် အဆုတ်ထဲရေဝင်တဲ့အခါ ရောဂါလက္ခဏာတွေက အသက်ရှူတာနဲ့ ဆက်နွှယ်နေပါတယ်။ အသက်ရှူတဲ့အချိန်မှာနာတယ်။ အဆုတ်ထဲကိုလေပြည့်အောင် အသက်တဝကြီးရှူလိုက်တဲ့အချိန်မှာ အနာဆုံးပါပဲ။ လူနာကိုမေးလိုက်လို့ အသက်ရှူတဲ့အချိန်မှာနာတယ်ဆိုရင်တော့ အဆုတ်ထဲရေဝင်တာကို အဓိကထားစဉ်းစားရမယ်။ ခန္ဓာကိုယ်ရဲ့ ရင်ခေါင်းပိုင်းမှာက အဆုတ်၊ နှလုံး၊ အစာအိမ်၊ အစာမျိုပြွန်၊ နံရိုး၊ နံရိုးကြားမှာ ရှိတဲ့ကြွက်သားတွေရှိတယ်။ ဒါကြောင့် နာတာက တခြားအင်္ဂါတွေကြောင့်လည်း ဖြစ်နိုင်ပါတယ်။

နာပုံနာနည်းကတော့ နည်းနည်းကွာပါတယ်။ အဆုတ်နဲ့ပတ်သက်ရင် နာတာက အသက်ရှူတဲ့အချိန်မှာနာပါတယ်။ လေကိုအပြည့်အဝရှူလိုက်တဲ့အချိန်မှာ အနာဆုံးပဲဖြစ်ပါတယ်။

အဆုတ်ထဲရေဝင်တာနဲ့ နောက်ဆက်တွဲတွေက အဆုတ်အမြှေးထဲမှာ ရေသိပ်များနေရင် အဆုတ်ကိုဖိထားတာကြောင့် အဆုတ်ကဝပ်သွားပါတယ်။ အဲဒီလိုဝပ်သွားတဲ့အခါ အလွန်ဆုံးနှစ်ပတ်၊ သုံးပတ်အတွင်း မူလအခြေအနေကို ပြန်မရောက်ဘူးဆိုရင် အဆုတ်က သူ့ရဲ့လုပ်ငန်းဆောင်တာဖြစ်တဲ့ အောက်ဆီဂျင်ကိုရှူသွင်းပြီး ကာဗွန်ဒိုင်အောက်ဆိုက်ရှူထုတ်တဲ့လုပ်ငန်းကို ဝပ်သွားတဲ့အဆုတ်ဘက်က မလုပ်နိုင်တော့ပါဘူး။ အဆုတ်ထဲရေဝင်တယ်ဆိုရင်တော့ နှစ်ပတ်၊ သုံးပတ်အတွင်းမှာ အဆုတ်ကို မူလအတိုင်းပြန်ရောက်နိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။

အဆုတ်ထဲရေဝင်တယ်ဆိုတာ အဆုတ်နဲ့ ရင်ခေါင်းထဲမှာ အရည်တွေစုလာတာဖြစ်ပါတယ်။ အဆုတ်ကို ရင်ခေါင်းထဲမှာ ချောမွေ့စွာလှုပ်ရှားနိုင်စေဖို့ အဆုတ်ထဲမှာ အရည်နည်းနည်းရှိတာက ပုံမှန်ဖြစ်ပါတယ်။ အရည်တွေအများကြီးစုပုံလာရင်တော့ အဆုတ်အပေါ် ဖိအားသက်ရောက်ပြီး အသက်ရှူရခက်ခဲနိုင်ပါတယ်။ အဆုတ်ရောင်တာကအဖြစ်များပါတယ်။ အမျိုးသားတွေထက် အမျိုးသမီးတွေမှာ အဖြစ်များပါတယ်။ အသက်အရွယ်မရွေးဖြစ်နိုင်ပါတယ်။ ရောဂါဖြစ်ပွားနိုင်တဲ့အချက်အလက်တွေ သီးခြားရှိပါတယ်။

အဆုတ်ထဲရေဝင်တဲ့အခါ အများဆုံးဖြစ်တဲ့ရောဂါလက္ခဏာတွေက ချောင်းခြောက်ဆိုးတာ၊ ဖျားတာ၊ လှဲအိပ်နေစဉ် အသက်ရှူရခက်တာ၊ ရင်ဘတ်အောင့်တာ၊ အသက်ရှူမဝတာတို့ဖြစ်ပါတယ်။ ကိုယ့်ဆီမှာ အဆုတ်ရေဝင်တဲ့လက္ခဏာ တစ်ခုခုရှိနေပြီဆိုရင် ဆရာဝန်နဲ့ဆွေးနွေးတိုင်ပင်သင့်ပါတယ်။

အဆုတ်မှာ ရောဂါပိုးဝင်တာ၊ ထိခိုက်မိတာကြောင့် အဆုတ်ထဲရေဝင်နိုင်ပါတယ်။ အဆုတ်ရောဂါပိုးဝင်ခြင်း အဆုတ်တီဘီ၊ အဆုတ်ကင်ဆာတို့မှာ အဆုတ်နဲ့အဆုတ်ဖုံးမြှေးကို ရောင်ရမ်းစေတယ်။ နှလုံးအမောဖောက်တာ၊ အသည်းခြောက်တာ၊ အသည်းမကောင်းတာ၊ အဆုတ်သွေးလွှတ်ကြောပိတ်တာ၊ ခန္ဓာကိုယ်တွင်းအရည်ထိန်းသိမ်းမှုကိုထိခိုက်စေတဲ့ ကျောက်ကပ်ရောဂါတွေ၊ အရေပြားလေးဖက်နာနဲ့ တခြားခုခံအားစနစ်ဖောက်ပြန်တဲ့ရောဂါတွေ ဖြစ်တတ်ပါတယ်။ အထက်ဖော်ပြပါရောဂါရှိတာ၊ ခန္ဓာကိုယ်တွင်း အရည်ထိန်းသိမ်းမှုကို ထိခိုက်စေတဲ့ဆေးဝါးနဲ့ ကင်ဆာရောဂါကုသမှုခံယူနေရတာတွေမှာ အတွေ့ရများပါတယ်။

ရောဂါအခြေအနေကိုကြည့်ပြီး ကုသမှုခံယူသင့်ပါတယ်။ ရင်ဘတ်ဓာတ်မှန် (CXR) ရိုက်လိုက်ရုံနဲ့ အဆုတ်ထဲရေဝင်တဲ့အခြေအနေကို သိနိုင်ပါတယ်။ ကုသမှုမှာ ရောဂါရဲ့အကြောင်းရင်းခံကို ကုသတာနဲ့ လူနာကိုဝေဒနာသက်သာအောင် ကူညီတာတို့ ပါဝင်ပါတယ်။ ကုသရာမှာ ရောဂါရဲ့အကြောင်းရင်းပေါ်မူတည်ပြီး ကွဲပြားပါတယ်။ ရောဂါပိုး(တီဘီ)ကြောင့်ဖြစ်ရင် ပဋိဇီဝဆေးသုံးပြီး အရည်ပမာဏကို တဖြည်းဖြည်းလျှော့ချဖို့ ဆီးဆေးတွေ သုံးနိုင်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် ရောဂါဖြစ်လာပြီဆိုရင် အချိန်မီကုသဖို့လိုပါတယ်။ ရောဂါမဖြစ်အောင်လည်း ကျန်းမာရေးနဲ့ညီညွတ်စွာ နေထိုင်စားသောက်ကြရင်း လူသားအားလုံး ရောဂါကင်းဝေးပါစေကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**ဒေါက်တာလွင်သန့်**

ရန်ကုန်၊ ငါးမွေးမြူရေး

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ငါးလုပ်ငန်းစခန်းများမှထွက်ရှိလာသည့် ငါးသားပေါက်အကောင်ရေ ၆၀ ရာခိုင်နှုန်းကို ငါးမွေးမြူသူများအတွက် ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးရန်စီစဉ်

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ ငါးလုပ်ငန်းစခန်းများမှ ထွက်ရှိလာသည့် ငါးသားပေါက်အကောင်ရေ ၆၀ ရာခိုင်နှုန်းကို ငါးမွေးမြူသူများအတွက် ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးရန်စီစဉ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင့်လွင်၏ပြောကြားချက်အရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လှော်ကားငါးလုပ်ငန်းစခန်း၊ လေးထောင့်ကန်ငါးလုပ်ငန်းစခန်းနှင့် တွံတေးငါးလုပ်ငန်းစခန်းဟူ၍ ငါးလုပ်ငန်းစခန်းသုံးခုရှိပြီး ထိုငါးလုပ်ငန်းစခန်းများမှထွက်ရှိလာသော ငါးသားပေါက်များအား ပြီးခဲ့သည့်ဘဏ္ဍာနှစ်က ၅၀ ရာခိုင်နှုန်းကို မျိုးစိုက်ထည့်ပြီး ကျန် ၅၀ ရာခိုင်နှုန်းကို ငါးမွေးမြူသူများအတွက် ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

"အခုဘဏ္ဍာနှစ်မှာ တိုင်းဒေသကြီးအတွင်းရှိ ငါးလုပ်ငန်းစခန်းတွေကနေ ငါးသားပေါက်အကောင်ရေ ၂၂၆ ဒသမ ၂၅ သိန်း ထုတ်လုပ်ဖို့လျာထားပါတယ်။ အဲဒီထဲက ၄၀ ရာခိုင်နှုန်းကို မျိုးစိုက်ထည့်မှာဖြစ်ပါတယ်။ ကျန် ၆၀ ရာခိုင်နှုန်းကို ငါးမွေးမြူသူတွေအတွက် သက်သာတဲ့ဈေးနှုန်းနဲ့ ရောင်းချပေးမှာပါ" ဟု ဦးတင့်လွင်ကပြောသည်။

ယခုဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ငါးလုပ်ငန်းစခန်းများမှ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ငါးတန်နှင့် ရေချိုငါးမုတ် စသည့်ငါးသားပေါက်များ ထုတ်လုပ်မည်ဖြစ်ပြီး ငါးသားပေါက်ဝယ်ယူလိုသူများအနေဖြင့် သက်ဆိုင်ရာငါးလုပ်ငန်းစခန်းများသို့ဖြစ်စေ၊ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးများသို့ဖြစ်စေ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။



ယခုအခါ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မြစ်၊ ချောင်းများနှင့် သဘာဝရေပြင်များအတွင်း ငါးမျိုးများစိုက်ထည့်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆောင်းဦး**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
# ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-
- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ
- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

  **မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။
- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# မြန်မာ့ဂီတနေ့

➢ မြန်မာ့ဂီတ
ထုံအီမွှေးလျှမ်း
ပွင့်လန်းစမ်းတော၊ ငြိမ့်ငြိမ့်သောတည့်
ပျော်မောဘဝ
ထပ်တူကျကာ၊ ပေးဆက်လာ
ရလာသည်မှာ၊ ပီတိဖြာ
နှံ့သာပြည့်နှက် ကြည်နူးလျက်ဖြင့်။

➢ ယနေ့ဂီတ
ထုံအီမမွှေး
မနွေးခြင်းများ၊ ခံစားမိသူ
ဘယ်သူကများ
လာထားနှစ်သိမ့်၊ ချော့မြူလိမ့်လဲ
ရင်ထဲမအေး၊ အံ့တနွေးကို
ဖက်ထွေးဖော်သင်း၊ ကြင်နာခြင်းဝေး
ကြည့်ရှုထွေးလှည့်၊ ပြောပေးခဲ့ဖို့
ကြောင်းဖွဲ့မယိမ်း၊ မျက်နှာတိမ်းကာ
သူစိမ်းဆန်သွား ဖယ်လို့သွား။

➢ မြန်မာ့ဂီတ
ရင့်ကျက်လှစွာ၊ သိက္ခာအပြုံး
ခါခါဖုံးကွယ်၊ ဘာရယ်မဟုတ်
ခလုတ်စကား၊ ဝင့်ကြွားမကျူး
ကြည်နူးစရာ၊ ပြောချင်ပါလဲ
ပြောနေဆဲတွင်၊ နက်နဲနိုးထ
တို့ဂီတဟော့၊ ပိုက်ကာပွေ့
ယနေ့အသက်၊ ရာကျော်ဆက်မည်
ထွေးလျက်ကြိုင်လေ့ ဂီတနေ့ကြောင့်။ ။

**ကိုဇော်ငြေး(ယဉ်ကျေးမှု)**

# ၂၀၂၄ ခုနှစ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

## ဆီဆိုင်

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု နောင်ဆံဗတ်ကျေးရွာ၌ ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၂၆ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဆီဆိုင်မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျွန်းပင် ၅၀၊ စိန်ပန်းနီပင် ၅၀၊ အာဖဂန်ကျူးလစ်ပင် ၁၀၀၊ ကုက္ကိုပင် ၂၅၀၊ ခါတော်မီပင် ၄၀၊ ထင်းရှူးပင် ၅၀ တို့ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ (၄၀၅)



## လားရှိုး



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရေကန်တောင်၌ ဇွန်လ ၂၇ ရက် နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပကြောင်းသိရသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်း/မြောက်) ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ လားရှိုးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာငွေးအောင်၊ လားရှိုးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းနှင့်တာဝန်ရှိသူများက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အတွက် ပျိုးပင်များပေးအပ်ရာ သက်ဆိုင်ရာဌာနအလိုက်တာဝန်ရှိသူများက လက်ခံရယူကြပြီး သတ်မှတ်ထားသည့်နေရာများတွင်သစ်ပင်များ စိုက်ပျိုးကြကြောင်း သိရသည်။ (၆၀၈)

## ကြို့ပင်ကောက်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန်လ ၂၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇင်မင်းငွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကျွန်းပင် ၇၀၊ မဟော်ဂနီပင် ၅၀ နှင့် ပျဉ်းကတိုးပင် ၅၀၊ ပျဉ်းမပင် ၅၀၊ ခရေပင် ၅၀ တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**ဧေယျာထွန်း(ကြို့ပင်ကောက်)**



မင်းတုန်း၊ လူမှုရေး

# ကော်ဖီတိုးချဲ့စိုက်ပျိုးမည့်တောင်သူများအား ကော်ဖီပျိုးပင်များပေးအပ်

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ ကော်ဖီတိုးချဲ့စိုက်ပျိုးမည့် တောင်သူများအား ပျိုးပင်များပေးအပ်ပွဲကို ဇွန်လ ၂၇ ရက် နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ကော်ဖီပျိုးပင်များပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ကော်ဖီပျိုးပင်များကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ပေးအပ်ခြင်းဖြစ်ပြီး ငကုန်းကျေးရွာမှ တောင်သူ ကိုးဦး၊ ယင်းကောက်ကျေးရွာမှ တောင်သူ ခြောက်ဦး၊ ကံကြောကျေးရွာမှ တောင်သူ ငါးဦးနှင့် မြင်းကွေ့ကျေးရွာမှ တောင်သူ ငါးဦးတို့အား ကော်ဖီပျိုးပင် စုစုပေါင်း ၆၀၀၀၀ ပေးအပ်ရာ တောင်သူများက လက်ခံရယူကြကြောင်းနှင့် တောင်သူများအနေဖြင့် ကော်ဖီ ဧက ၆၀ တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

နေပြည်တော် ဇွန် ၂၇

# မြစ်ကြီးနားမြို့နှင့် ဥက္ကံမြို့တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ ဆုတောင်းပြည့်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေစစ်ဆေးပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ပျဉ်းမကုန်းကျေးရွာအုပ်စု၊ ပျဉ်းမကုန်းကျေးရွာ ရွာဦးကျောင်းတိုက်၌ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၃ ပါးနှင့် ဒေသခံပြည်သူ ၁၁၂ ဦးတို့အား သွားနှင့်ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆုတောင်းပြည့်ကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

(၁၀၀)

---

နေပြည်တော် ဇွန် ၂၇

# ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဥတ္တရသီရိမြို့နယ်အတွင်း သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ ပြည်သူလူထုအသိပညာပေး Bill Board စိုက်ထူပွဲကျင်းပ



၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ပြည်သူများသိရှိနားလည် ပူးပေါင်းပါဝင်လာစေရေးအတွက် ပြည်သူလူထုအသိပညာပေးလုပ်ငန်း တစ်ရပ်ဖြစ်သည့် သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ Bill Boardများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ခရိုင်အလိုက် မြို့ကြီးများ၏ လူစည်ကားရာနေရာများ၊ လမ်းဆုံလမ်းခွများတွင် စိုက်ထူဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဥတ္တရခရိုင်အတွင်း သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာအသိပညာပေး Bill Board စိုက်ထူပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ဥတ္တရသီရိမြို့နယ် ရာဇဌာနီလမ်းနှင့် မန္တလေးလမ်းထောင့်၌ ကျင်းပသည်။

အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ နေပြည်တော်သန်းခေါင်စာရင်း ကြီးကြပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် သန်းခေါင်စာရင်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် အသိပညာပေး Bill Board ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များကို ဂုဏ်ပြုဆုငွေများပေးအပ်၍ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တာဝန်ရှိသူများက ခရီးသွားပြည်သူများထံ သန်းခေါင်စာရင်းဆိုင်ရာ အထောက်အကူပစ္စည်းများနှင့် လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်းနှင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို လာမည့်အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အတွင်း ကောက်ယူမည်ဖြစ်ရာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း စာရင်းကောက်ကွက်ပေါင်း ၂၆၀၀ ကျော်ကို စာရင်းစစ်၊ စာရင်းကောက် ၁၁၀၀ ကျော်ဖြင့် ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

ရန်ကုန် ဇွန် ၂၇

# ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ကျော်ဖိုး တင်ပို့ရောင်းချခဲ့

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၁၄ ရက်အထိကာလအတွင်း ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ကျော်ဖိုး တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၁၄ ရက်အထိကာလအတွင်း ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း ပုဂ္ဂလိကတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၉၁ ဒသမ ၉၁၈ သန်း တင်ပို့ထားကြောင်း၊ ပြီးခဲ့သည့်ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၁၄ ရက်အထိ ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း ပုဂ္ဂလိကတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၃၁ ဒသမ ၉၁၁ သန်းရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် တခြားပို့ကုန်ပစ္စည်းများ တင်ပို့လျက်ရှိသည်။

ထို့ပြင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် CMP တို့ကိုလည်း တင်သွင်းကြောင်း သိရသည်။ **စောယု**

---

ကသာ ဇွန် ၂၇

# ကသာခရိုင်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော နွေစပါး၂၂၃၃၉ ဧက ရိတ်သိမ်းပြီးစီး




စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော နွေစပါး ၂၂၃၃၉ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက ကသာခရိုင်၌ စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို မေလမှစတင်ရိတ်သိမ်းရာ လက်ရှိတွင် ၂၂၃၃၉ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၆ ဒသမ ၃၄ တင်းထွက်ရှိကြောင်း သိရသည်။

ကသာခရိုင်၌ မြို့နယ်အလိုက် နွေစပါးရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကသာမြို့နယ်၌ ၁၁၀၇၉ ဧက၊ အင်းတော်မြို့နယ်၌ ဧက ၇၄၀၊ ထီးချိုင့်မြို့နယ်၌ ၁၀၂၆၂ ဧကနှင့် ဗန်းမောက်မြို့နယ်၌ ၂၅၈ ဧက စုစုပေါင်း ၂၂၃၃၉ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက ကသာခရိုင်၌ နွေစပါးဧက ၂၃၃၀၀ စိုက်ပျိုးရန်လျာထားပြီး ဖေဖော်ဝါရီလမှစ၍ ဧပြီလအထိ စိုက်ပျိုးခဲ့ကြရာ ၂၂၃၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **(၄၀၉)**

နေပြည်တော် ဇွန် ၂၇

# နိုင်ငံတော်သမ္မတ(ငြိမ်း)ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ကျင်းပမည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ် ချမှတ်ခဲ့သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ



တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ကျင်းပမည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူကြီး(၅)ရပ် ချမှတ်ခဲ့သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာ ချန်းဟိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများက နေပြည်တော်လေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်နှင့်အတူ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ကျော်၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဦး၊ ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းနုနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြကြောင်း သိရသည်။

(သတင်းစဉ်)

---

နေပြည်တော် ဇွန် ၂၇

## ၂၀၂၄ ခုနှစ် ဇူလိုင်လ ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် "ကိုယ်လက်လှုပ်ရှားအားကစားအစီအစဉ်" ကျင်းပ

၂၀၂၄ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် "ကိုယ်လက်လှုပ်ရှား အားကစားအစီအစဉ်" ကို ယနေ့နံနက် ၉ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာအမျိုးသမီးများသည် နိုင်ငံ၏အရေးပါသော ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေရသည့်အပြင် မိသားစု၏တာဝန်များကိုလည်း တာဝန်ယူဆောင်ရွက်နေကြသူများဖြစ်ပြီး နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ရှိသဖြင့် နိုင်ငံ၏ကြီးမားသောအင်အားစုဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသမီးများ၏ ကျန်းမာကြံ့ခိုင်ရေးသည် အလွန်အရေးကြီးကြောင်း၊ အမျိုးသမီးများကျန်းမာကြံ့ခိုင်စေရန်အတွက် နေ့စဉ် ကျန်းမာရေးအလေ့အကျင့်ကောင်းများကို ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ အားကစားနည်းပြများက ဦးဆောင်၍ အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



---

နေပြည်တော် ဇွန် ၂၇

## လူမှုဖူလုံရေးအဖွဲ့က ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) ဖြင့် နေပြည်တော်ကောင်စီရှိ လူမှုဖူလုံရေးအကျုံးဝင်အာမခံအလုပ်သမားများအား ကွင်းဆင်းဆေးကုသပေးမှုကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ကြည့်ရှုအားပေး

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့နံနက်ပိုင်းတွင် လူမှုဖူလုံရေးအဖွဲ့က ရွေ့လျားဆေးကုသယာဉ်ဖြင့် နေပြည်တော်ကောင်စီရှိ လူမှုဖူလုံရေးအကျုံးဝင်အာမခံအလုပ်သမားများအား ဆေးဝါးကုသပေးမှု ဓာတ်ခွဲစစ်ဆေးပေးမှုနှင့် နှလုံးအတွက် ECG စစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။



လူမှုဖူလုံရေးအဖွဲ့က ရွေ့လျားဆေးကုသယာဉ်ဖြင့် ယနေ့တွင် အလုပ်သမားဝန်ကြီးဌာနရှိ ဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးရာ ဆေးဝါးကုသမှု စုစုပေါင်း ၂၃၇ ဦးအနက် ဓာတ်ခွဲစစ်ဆေးမှု ၁၀၆ ဦး၊ နှလုံးအတွက် ECG စစ်ဆေးခြင်း ၂၈ ဦးတို့ကို ဆောင်ရွက်ပေးသည်။

လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ၂၀၂၄ ခုနှစ် မေလတွင် အကျုံးဝင်အာမခံအလုပ်သမား ၁၂၃၁၄၉၈ ဦးရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံကြီး (၃) ရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၁ ခန်း၊ စာချုပ်ဆေးခန်း ၆၆ ခန်း၊ သားဖွားမီးယပ် ပြင်ပလူနာကုသမှု (Specialist OG OPD) ဆောင်ရွက်သည့် စာချုပ်ဆေးခန်း ၄၅ ခန်း၊ မီးဖွားဝန်ဆောင်မှုဆောင်ရွက်လျက်ရှိသော စာချုပ်ဆေးရုံ၊ သားဖွားခန်း ၁၅ ခန်း၊ တိုင်းရင်းဆေးခန်း ၁ ခန်းတို့ဖြင့် ဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit)ဖြင့် နေပြည်တော်ရှိ ဝန်ကြီးဌာနများ၊ အလုပ်ဌာနများရှိ လူမှုဖူလုံရေးအကျုံးဝင် အာမခံအလုပ်သမားများကို ဇွန်လ ၂၀ ရက်မှ ဩဂုတ်လ ၆ ရက်ထိ ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ စက်မှုဇုန်များတွင်လည်း ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) နှစ်စီးဖြင့် ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

နေပြည်တော် ဇွန် ၂၇

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပါကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(၁၀၀)

နေပြည်တော် ဇွန် ၂၇

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) အောင်မြင်စွာကျင်းပပြီးစီး

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)တတိယနေ့ Plenary Session ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရှင်ကြီးများ၊ ပါမောက္ခများ၊ စာတမ်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးကြသည်။




ယနေ့တွင် ညီလာခံဒုတိယနေ့က ပြုလုပ်ခဲ့သော ဆွေးနွေးပွဲခေါင်းစဉ်ကြီးခြောက်ခုဖြင့် စာတမ်းရှင်များနှင့် တက်ရောက်သူများ အကြံပြုဆွေးနွေးညှိနှိုင်းရရှိခဲ့သည့် ဆွေးနွေးပွဲရလဒ် ရှေ့လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ဆွေးနွေးပွဲအုပ်စု သဘာပတိနှင့် စာတမ်းရှင်များကတင်ပြကြပြီး တက်ရောက်လာသူများက ဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ Parallel Session 1 မှ စာတမ်းရှင်များကိုယ်စား ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လတ်ထွန်းက **“အခြေခံပညာကဏ္ဍ တိုင်းချစ်ပြည်ချစ်စိတ်ရှိသော လူငယ်များပေါ်ထွက်လာစေရေး”** ခေါင်းစဉ်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့ကြသည့် စာတမ်းခြောက်စောင်၏ ရေတိုရေရှည်လုပ်ငန်းစဉ်များ၊ အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ စာတမ်းအကျဉ်းချုပ်ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အခြေခံပညာကဏ္ဍကျောင်းများတွင် တိုင်းချစ်ပြည်ချစ်စိတ်ရှိသော လူငယ်များ ပေါ်ထွန်းလာရေးနှင့် အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှု အကြံပြုချက်များအပေါ် ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် Parallel Session 2 မှ စာတမ်းရှင်များကိုယ်စား ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာချိုချိုက **“အဆင့်မြင့်ပညာကဏ္ဍ အရည်အသွေးပြည့်ဝသော ပညာတတ်များမွေးထုတ်ရေး”** ခေါင်းစဉ်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့ကြသည့် စာတမ်းခြောက်စောင်၏ ရေတိုရေရှည်လုပ်ငန်းစဉ်များ၊ အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ စာတမ်းအကျဉ်းချုပ်ကို ဖတ်ကြားတင်ပြရာ စာတမ်းပါအကြောင်းအရာများနှင့်ပတ်သက်၍ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက အကြံပြုချက်များအပေါ် ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။






မွန်းလွဲပိုင်းတွင် Parallel Session 3 မှ စာတမ်းရှင်များကိုယ်စား အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ဒုတိယပါမောက္ခချုပ် ဒေါ်အေးစန္ဒာအောင်က **“ထုတ်လုပ်မှုကိုအားပေးသော သက်မွေးပညာတိုးတက်ရေး”** ခေါင်းစဉ်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့ကြသည့် စာတမ်းခြောက်စောင်၏ ရေတိုရေရှည်လုပ်ငန်းစဉ်များ၊ အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ Parallel Session 4 မှ စာတမ်းရှင်များကိုယ်စား ဆရာအတတ်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးဖြူဇင်က **“ဆရာဆရာမများ၏အရည်အသွေး စဉ်ဆက်မပြတ်မြှင့်တင်ရေး”**ခေါင်းစဉ်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့ကြသည့် စာတမ်းခြောက်စောင်၏ ရေတိုရေရှည်လုပ်ငန်းစဉ်များ၊ အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ Parallel Session 5 မှ စာတမ်းရှင်များကိုယ်စား မွေးမြူရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆောဘောင်မ်က **“သုတေသနနှင့် တီထွင်ဆန်းသစ်မှုဖွံ့ဖြိုးတိုးတက်ရေး”** ခေါင်းစဉ်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့ကြသည့် စာတမ်းခြောက်စောင်၏ ရေတိုရေရှည်လုပ်ငန်းစဉ်များ၊ အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ Parallel Session 6 မှ စာတမ်းရှင်များကိုယ်စား ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနီနီအောင်က **“အရည်အသွေးအာမခံမှုရှိသော ပညာရေးစနစ် ပိုမိုအားကောင်းလာစေရေး”** ခေါင်းစဉ်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့ကြသည့် စာတမ်းခြောက်စောင်၏ ရေတိုရေရှည်လုပ်ငန်းစဉ်များ၊အကြံပြုဆွေးနွေးချက်များနှင့် စပ်လျဉ်း၍လည်းကောင်း စာတမ်းအကျဉ်းချုပ်ကို ဖတ်ကြားတင်ပြကြရာ တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)၏ ဆွေးနွေးမှုအနှစ်ချုပ် အစီရင်ခံစာကိုတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုလိုညီလာခံကြီးက ချမှတ်လိုက်သည့် ရေတိုရေရှည်လုပ်ငန်းအစီအမံများကို အောင်မြင်အောင် ဟန်ချက်ညီညီနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တက်ရောက်လာကြသည့် ပညာရှင်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအားလုံးကို တိုက်တွန်းလိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ အသိပညာ၊ အတတ်ပညာကို မြင့်မားအောင် မြှင့်တင်ပေးနိုင်သူ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ တရားတို့ပွားများအောင် ပံ့ပြင်ဆုံးမနိုင်သူ၊ ဘဝလမ်းတစ်လျှောက် ဖြောင့်မတ်အောင် လမ်းပြပေးနိုင်သူသည် ဆရာ၊ ဆရာမများဖြစ်သည့်အတွက် မိမိတို့၏တပည့်သားမြေးများ၏ အနာဂတ်ဘဝသာယာလှပရေး ဆရာ့ဂုဏ်နှင့်အညီ ပျိုးထောင်ပေးရင်း ညီလာခံကြီး၏ ရှေ့လုပ်ငန်းအစီအမံများ အောင်မြင်စေရန် တစ်ဖက်တစ်လမ်းက လက်တွဲဆောင်ရွက်ကြစေလိုကြောင်း ပြောကြားကာ ညီလာခံအောင်မြင်စွာပြီးမြောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဇွန် ၂၇

# ထိုင်းနိုင်ငံ အထက်လွှတ်တော်ရွေးချယ်ပွဲလေ့လာစောင့်ကြည့်ရေးအစီအစဉ်သို့ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ



ထိုင်းနိုင်ငံရွေးကောက်ပွဲကော်မရှင်ရုံး အထွေထွေအတွင်းရေးမှူးချုပ်၏ ဖိတ်ကြားချက်အရ ဇွန်လ ၂၄ ရက်မှ ၂၇ ရက်အထိ ထိုင်းနိုင်ငံ အထက်လွှတ်တော်ရွေးချယ်ပွဲ (Thai Senate Selection) လေ့လာစောင့်ကြည့်ရေးအစီအစဉ်သို့ သွားရောက်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်ဦးနှင့် ဦးခင်မောင်ဦးတို့သည် ယနေ့ညနေ ၅ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

လေ့လာစောင့်ကြည့်ရေး ခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၂၅ ရက်က Asawin Grand Convention Hotel၌ ကျင်းပသော အထက်လွှတ်တော်ရွေးချယ်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ရွေးချယ်ပွဲဆိုင်ရာ ပြစ်မှုများ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ဇွန်လ ၂၆ ရက်တွင် IMPACT Forum Convention Centre ၌ ကျင်းပသော နိုင်ငံအဆင့် အထက်လွှတ်တော် ကိုယ်စားလှယ် ရွေးချယ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို လေ့လာစောင့်ကြည့်ခြင်းတို့ ဆောင်ရွက်ကာ လေ့လာရေးခရီးစဉ်သို့ တက်ရောက်လာသည့် နိုင်ငံတကာရွေးကောက်ပွဲကော်မရှင်၊ အဖွဲ့အစည်းအသီးသီးတို့မှ တာဝန်ရှိသူများနှင့် အမြင်ချင်းဖလှယ်ခွင့်များရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပညာအသက် ဘဝတစ်သက်တာ

**ကျော်တေဇ(ဥက္ကလာ)**

**ပညာရေး၏အသက်သည် လူသားတစ်ယောက်၏ဘဝတစ်သက်တာ အတွက်သာမက နိုင်ငံတစ်နိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူသည့် ကာလများအတွက်လည်း များစွာအရေးပါသည့်ကဏ္ဍတစ်ခုသာဖြစ်သည်။ နိုင်ငံတစ်နိုင်ငံသည် ပညာတတ်ပေါ်များမှသာလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် ပန်းတိုင်တစ်ခုကို အရှိန်အဟုန်မပျက်လျှောက်လှမ်းနိုင်မည်သာဖြစ်. . .**

ဝသန်မိုးဦးကာလ၏နေ့စွဲများနှင့်အတူ ကျောင်းခေါင်းလောင်းသံများသည်လည်း တလွင်လွင်မြည်သံဆာလျက်ရှိပေသည်။ ကျောင်းခေါင်းလောင်းသံများနှင့်အတူ ကျောင်းနေအရွယ် လူငယ်မျိုးဆက်သစ်လေးများ၏ စိတ်အစဉ်သည်လည်း နိုးကြားတက်ကြွနေသည်ကို စာရေးသူတို့ တွေ့မြင်နေကြရသည်။ မည်သည့်အသက်အရွယ်၊ မည်သည့်အခြေအနေသို့ရောက်ခဲ့သည်ဆိုပါစေ ယခုကဲ့သို့ မိုးဦးလေဦးကာလ၏ ကျောင်းဖွင့်စနေ့ရက်လေးများကိုကား မှတ်မှတ်ရရရှိနေကြမည်သာ။ ထိုနေ့ရက်လေးများကို တမ်းတလွမ်းဆွတ်ရင်း မိမိတို့လျှောက်လှမ်းခဲ့သော ဘဝခရီးဝယ် ပညာ၏တန်ဖိုးကို နားလည်သဘောပေါက်ကြသူတွေ ဒုနဲ့ဒေးရှိနေနိုင်ပါသည်။ ဆုံးခန်းတိုင်သော ပညာရေးကြောင့် ဘဝလမ်းပေါ်တွင် အေးဆေးစွာလျှောက်လှမ်းနေကြသူတွေရှိသကဲ့သို့ ဆုံးခန်းမတိုင်သော ပညာရေးကြောင့် ဘဝလမ်းပေါ်တွင် ပင်ပန်းဆင်းရဲစွာ လျှောက်လှမ်းနေကြသူတွေလည်း များစွာရှိနေဆဲဖြစ်ပါသည်။

ပညာ၏အသက်သည် လူသားတစ်ယောက်၏ ဘဝအား မည်ရွေ့မည်မျှ အဆုံးအဖြတ်ပေးသည်ကို ယနေ့ဘဝနေ့ရက်များစွာကပင် သက်သေပြဋ္ဌာန်းဆိုနေပါသည်။

ပညာရေး၏အသက်သည် လူသားတစ်ယောက်၏ ဘဝတစ်သက်တာအတွက်သာမက နိုင်ငံတစ်နိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူသည့် ကာလများအတွက်လည်း များစွာအရေးပါသည့်ကဏ္ဍတစ်ခုသာဖြစ်သည်။ နိုင်ငံတစ်နိုင်ငံသည် ပညာတတ်ပေါ်များမှသာလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် ပန်းတိုင်တစ်ခုကို အရှိန်အဟုန်မပျက်လျှောက်လှမ်းနိုင်မည်သာဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ကောင်းများပေါ်ထွန်းရေးအတွက် ပညာဟူသည့် မဏ္ဍိုင်ကို ခိုင်မာစွာတည်ဆောက်ရေးမှာ အဓိကကျသည်ဟုဆိုချင်သည်။ ပစ္စုပ္ပန်ကာလ၏ ပညာရည်မြင့်မားရေးလုပ်ငန်းစဉ်များခိုင်မာအောင် ဆောင်ရွက်ချက်များသည် နိုင်ငံတော်၏အနာဂတ်ကို တိုက်ရိုက်အဆုံးအဖြတ်ပေးမည်သာဖြစ်သည်။

ယနေ့မျက်မှောက်ကမ္ဘာတွင် ပညာရည်အနိမ့်အမြင့်၊ လူသားအရင်းအမြစ်ကောင်းများ ပိုင်ဆိုင်မှုကိန်းဂဏန်းများက နိုင်ငံအချင်းချင်းကြားတွင် ဖွံ့ဖြိုးတိုးတက်ခြင်းဟူသည့် စံပေတံဖြင့် တိုင်းတာပြခဲ့ပြီးဖြစ်၏။ ထိုအကြောင်းတရားများသည်ကား မည်သို့မျှငြင်းပယ်၍ မရနိုင်သောသက်သေသာဓကများပင်။ စာရေးသူတို့နိုင်ငံတွင်လည်း အတိတ်ကာလမှ ယနေ့မျက်မှောက်ထိ နိုင်ငံတော်၏ပညာရည်မြင့်မားရေး၊ ပညာကိုအခြေခံသော လူသားအရင်းအမြစ်ကောင်းများပေါ်ထွန်းရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေခြင်းသာဖြစ်၏။ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ နိုင်ငံတော်ရှိ တိုင်းရင်းသားမိဘပြည်သူတစ်ရပ်လုံးမှလည်း နိုးကြားတက်ကြွစွာ ပါဝင်ကူညီကြရမည်။ အစိုးရနှင့်ပြည်သူ တွဲလက်ညီမှသာ နိုင်ငံတော်အပေါ် ကောင်းမွန်သောမှတ်ကျောက်ကို တင်နိုင်မည်ဖြစ်၏။

လူသားတစ်ယောက်ဘဝမှ နိုင်ငံတော်အဆင့်ထိတိုင် အရေးကြီးသောပညာရေးကဏ္ဍကို နိုင်ငံတော်ရှိ ကျောင်းနေအရွယ်မောင်မယ်လေးများက အလေးထားတန်ဖိုးထားပြီး ကြိုးစားသင်ယူကြရမည်။ ကျောင်းသားလူငယ်မောင်မယ်များ ယနေ့ကြုံတွေ့နေရသောအဖြစ်အပျက်လေးတစ်ခုနှင့် နှိုင်းယှဉ်ပြချင်သည်။ ကျောင်းခေါင်းလောင်းထိုးပြီးချိန် ကျောင်းနောက်ကျခဲ့ပါလျှင် အခန်းအတွင်းသို့ **“ဝင်ခွင့်ပြုပါ”** ဟူသည့် ခွင့်တောင်းသံနှင့်အတူ ကျောင်းခန်းအသီးသီးသို့ ဝင်ခွင့်ရခဲ့ကြသည်။ **“ဝင်ခွင့်ပြုပါ”**ဟူသည့် ခွင့်တောင်းသံသည် ကျောင်းတက်စဉ်ကျောင်းသားဘဝတွင်သာ ကျောင်းနောက်ကျခြင်းအပြစ်ကို ကျေစေခဲ့သော်လည်း ဘဝဟူသော ကျောင်းတော်တွင် နောက်ကျခဲ့ပါက **“ဝင်ခွင့်ပြုပါ”** ဟူသည့် ခွင့်တောင်းသံဖြင့် ဝင်ခွင့်ရတော့မည်မဟုတ်ပေ။ တက္ကသိုလ်ဝင်တန်းအောင်သည့် သူငယ်ချင်းချင်းအတူတူကြိုးစားအားထုတ်မှုမတူညီခဲ့လျှင် တက္ကသိုလ်တစ်ခုတည်းတွင် ဆက်လက်တက်ရတော့မည်မဟုတ်။ ဆိုရလျှင် ပညာရေးဆုံးခန်းတိုင်မှုအပေါ်မူတည်၍ တစ်ခန်းတည်းသူငယ်ချင်း အချင်းချင်းပင်လျှင် ဘဝအနိမ့်အမြင့်ကား ကွာခြားသွားတတ်သည်မှာ ဓမ္မတာတစ်ခုပင်။ လူငယ်မောင်မယ်များအနေဖြင့် **ပညာအသက် ဘဝတစ်သက်တာ** ဟူသည်ကို အလေးအနက်ထားတတ်စေလိုပါသည်။

ကျောင်းသားမိဘများဘက်မှ ကြည့်လျှင်လည်း မိမိတို့ရင်သွေးငယ်များ၏အနာဂတ်ဘဝကို ပညာဖြင့်ကျန်းမာသန်စွမ်းအောင်ကြိုးပမ်းပေးရမည်။ မွေးကင်းစကလေးတစ်ဦးအား ကျွေးမွေးပြုစုခြင်း၊ လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် ထိုကလေးငယ်မှာ အနှီးထွေးဘဝမှ ဝမ်းလျားမှောက်၊ ထိုမှသည် လေးဖက်ထောက်သွားတတ်၊ ထိုင်တတ်ခြင်းမှသည် လမ်းလျှောက်လာနိုင်သည်။ နောက်ဆုံးခုန်ပေါက်ပြေးလွှားသွားလာနိုင်သည်အထိဖြစ်ခဲ့သည်။ ထိုဖြစ်စဉ်သည် ကလေးတစ်ယောက်ကို မှန်ကန်သောပြုစုပျိုးထောင်ခြင်းဖြင့် ကျန်းမာသန်စွမ်းခဲ့ခြင်းပင်ဖြစ်ပေသည်။ ထို့အတူ ကျောင်းနေအရွယ်ကလေးတစ်ယောက်အား ပညာဟူသော ပြုစုပျိုးထောင်ပေးမှသာ သူ၏အနာဂတ်ဘဝကား အမှန်တကယ်ပင် ကျန်းမာသန်စွမ်းလာမည်ဖြစ်သည်။ **ပညာရေးဆုံးခန်းတိုင်သည့် သားသမီးတစ်ဦးဘဝနှင့်ပညာရေးဆုံးခန်းမတိုင်သည့် သားသမီးတစ်ဦး၏ဘဝ မည်သည့်ဘဝကို မိဘများက စိတ်ချလက်ချရှိမည်နည်း။ ကျောင်းသားမိဘများက ဤသို့တွေးခေါ် ဆုံးဖြတ်ရပေမည်။ လူငယ်တိုင်း၏အနာဂတ်ဘဝ ကျန်းမာသန်စွမ်းဖို့ ပညာသည်သာအဓိကမဏ္ဍိုင်ဖြစ်ကြောင်း မိဘတိုင်းက ရင်ဝယ်ပိုက်ထားရပေမည်။**

ပညာရည်နိမ့်ပါးသည့် လူတစ်ယောက်၏အသိ၊ သတိနှင့် ပညာရည်မြင့်မားသော လူတစ်ယောက်၏ အသိ၊ သတိစွမ်းပကားသည်ကား များစွာကွာခြားသေးသည်။ ပကတိတရားကို မြင်ရသိရခြင်းသည် အသိတရားဖြစ်ပြီး မှန်ကန်သည့်အသိတရားဖြစ်စေရန် ပကတိတရားအပေါ် အမှားအမှန်ကို ဆုံးဖြတ်ပယ်သတ်နိုင်သည်မှာ သတိတရားပင်ဖြစ်၏။ **အသိတရား**အပေါ် ဆင်ခြင်သုံးသပ်နိုင်စွမ်းသည် **သတိတရား**ဖြစ်သည်ဟု အကျဉ်းချုံးလိုသည်။ ထိုစွမ်းအားများကို မည်သည်ကရနိုင်သနည်း။ ပညာဆီမှသာ ရနိုင်စွမ်းပါသည်။ ယနေ့ စာရေးသူတို့နိုင်ငံတွင် များစွာသောစက်ဆုပ်ရွံရှာဖွယ်ဖြစ်ရပ်များကို ဝမ်းနည်းစွာတွေ့မြင်နေရသည်။ ထိုသည်ကား လူငယ်များကို အကြမ်းဖက်သဖွယ် အသုံးချနေကြသည့် ဖြစ်စဉ်ဖြစ်ရပ်များပင်။

အထူးသဖြင့် ၂၀၂၁ ခုနှစ်မှ ယနေ့ထက်တိုင် မြန်မာပြည်သူတို့၏လူမှုဘဝပျက်ပြားစေရန် လုပ်ဆောင်နေသော အကြမ်းဖက်ဖြစ်စဉ်များတွင် တရားခံများကို နိုင်ငံတော်က ဖမ်းဆီးရမိခဲ့သည့်ဖြစ်စဉ်များကို စေ့စေ့တွေးကြည့်မိသည်။ ဆယ်ကျော်သက်အရွယ် အမျိုးသား၊ အမျိုးသမီးလေးများ အများအပြားဖြစ်သည်ကို တွေ့မြင်ရသည်။ တချို့ကား အသိပညာရော အတတ်ပညာပါ အားနည်းကြသူများဖြစ်သလို တချို့ကား အတတ်ပညာရှိသော်လည်း အသိပညာဉာဏ်နည်းသူများဖြစ်ကြလိမ့်မည်။ အမှားအမှန်အပေါ် ဝေဖန်ဆင်ခြင်မှုနည်းပါးကာ လမ်းမှားသို့ သက်ဆင်းသွားကြသည်။ အဓိကအားနည်းချက်ကိုကြည့်လျှင် ငယ်စဉ်တောင်ကျေးဘဝကပင် ပညာရည်နိမ့်ပါးခဲ့ခြင်းကြောင့် အသိပညာပါနိမ့်ပါးခဲ့ကြသူအများစုဟု ဆိုချင်ပါသည်။

ထိုသို့နိုင်ငံ့မျိုးဆက်သစ်များ၏ **အခက်**သည် ယနေ့ပြည်တွင်းပြည်ပအဖျက်သမား ပြည်ပြေးများ၏ **အချက်**ဖြစ်လာခဲ့သည်။ တစ်စတစ်စနှင့် နိုင်ငံ့**အခက်**သူတို့**အချက်**ဖြစ်လာခဲ့ပေသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် **“တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး”**၊ **“နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး”**ဟူသည့်အချက်များကို ဦးတည်ချက် (၉)ရပ်၏လူမှုရေးကဏ္ဍတွင် ထည့်သွင်းကာ မမိုတ်မသုန်ကြိုးပမ်းဆောင်ရွက်နေကြောင်း မီးမောင်းထိုးပြလိုပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၄)ကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးကို ပိုမိုမြှင့်တင်ပေးဆိုသည့် ဦးတည်ချက်ဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)တွင် ဇွန်လ ၂၅ ရက်နေ့မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည်။

ထိုပညာရေးညီလာခံ ကျင်းပခြင်းအားဖြင့် တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူငယ်များပေါ်ထွန်းလာစေခြင်း၊ အရည်အသွေးပြည့်ဝသောပညာတတ်များမွေးထုတ်ပေးနိုင်ခြင်း၊ ထုတ်လုပ်မှုကိုအားပေးသည့် သက်မွေးပညာများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ဆရာ၊ ဆရာမများ၏အရည်အသွေးကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ခြင်း၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှု ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အရည်အသွေးအာမခံမှုရှိသည့် ပညာရေးစနစ်ပိုမိုအားကောင်းလာစေခြင်း စသည့် အကျိုးကျေးဇူးများရရှိစေပါသည်။

**“ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်၊ ပညာအသက် ဘဝတစ်သက်ဖြစ်ပြီး စာပေပညာနှင့် အသိပညာမရှိပါက ဘဝတစ်လျှောက်လုံးတွင် အခက်အခဲများနှင့် ကြုံတွေ့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကိုယ်တိုင် အသိပညာဗဟုသုတများရရှိစေရေး စာပေဖတ်မှတ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မိမိတို့သားသမီးများကိုလည်း ပညာရေးအားပေးရန်၊ စာပေဖတ်မှတ်တတ်သည့် အလေ့အကျင့်ကောင်းများကို ပြုလုပ်ပေးရန်လိုကြောင်း”**

**“တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်း၏အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်ပေါ်များခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့်ပညာတတ်များနှင့်သာယာဝပြောသည့်အနာဂတ်နိုင်ငံတော်ကြီး တည်ဆောက်ရန် ဦးတည်ကြိုးပမ်းလျက်ရှိကြောင်း”**

**“ပညာရေးသည် တိုင်းပြည်၏အနာဂတ်ပင်ဖြစ်ကြောင်း၊ ပညာရေးအားနည်းချက်သည် နောင်အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်သည့်နိုင်ငံတော်တည်ဆောက်ရေးတွင် အခက်အခဲများဖြစ်ပေါ်စေနိုင်သောကြောင့် ပညာရေးကို မိမိတို့အနေဖြင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာအရ မဖြစ်မနေအားပေးဆောင်ရွက်လျက်ရှိကြောင်း”**စသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ပညာရည်မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ်ကောင်းများပေါ်ထွန်းရေးနှင့် နိုင်ငံတော်၏အနာဂတ်တို့နှင့် တိုက်ရိုက်ဆက်နွယ်နေသော မူဝါဒမျှော်မှန်းချက်များကို စာရေးသူမှအလျဉ်းသင့်၍ ထုတ်နုတ်တင်ပြခြင်းဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် နိုင်ငံ့မျိုးဆက်သစ်လူငယ်မောင်မယ်များကို အသိပညာ၊ အတတ်ပညာပြည့်စုံသည့် မျိုးဆက်သစ်များဖြစ်စေရန် မိဘတိုင်း၊ ဆရာ၊ ဆရာမတိုင်းက အလေးအနက်ထားကာ ကြိုးပမ်းပြုစုပေးရမည်။ အစိုးရ၊ မိဘ၊ ဆရာ၊ ကျောင်းသားဟူသည့်ခိုင်မာသော ဒေါက်တိုင်ဖြင့် နိုင်ငံတော်၏ ပညာရည်မြင့်မားရေးကို ဟန်ချက်ညီညီလက်တွဲကြိုးပမ်းသွားကြရတော့မည်။ ပညာအသက်ဖြင့် သူတို့တစ်ဦးချင်းဘဝ၊ ထိုမှသည် နိုင်ငံတော်၏အနာဂတ်ဘဝထိတိုင် ခြုံငုံပြည့်စုံစေဖို့ အားလုံးတွဲလက်ညီညီဖြင့် မဖြစ်မနေကြိုးပမ်းဆောင်ရွက်သွားကြဖို့ အချိန်တန်ပြီဖြစ်ကြောင်း စာစီခြယ်၍ အသိပေးမျှဝေလိုက်ရပါတော့သည်။ ။

နေပြည်တော် ဇွန် ၂၇

# ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ




၂၀၂၄ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနများမှ ဌာနအကြီးအကဲများ၊ အမျိုးသားအိုဇုန်းယူနစ်အဖွဲ့ဝင်များ၊ လေအေးပေးစက်ဆိုင်ရာပညာရှင်များအသင်းနှင့် အအေးပေးဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။


ဦးစွာ ဒုတိယဝန်ကြီးက ယခုနှစ်ကျရောက်သည့် အထိမ်းအမှတ်ဆောင်ပုဒ်မှာ **"အပူချိန်ထိန်းညှိနည်းပညာတိုးတက်ရေး အလေးထားဆောင်ရွက်ပေး"** "Temperature Matters ...Absolutely!" ဖြစ်ကြောင်း၊ ခေတ်မီအပူချိန်ထိန်းညှိနည်းပညာသည် စွမ်းအင်ချွေတာခြင်းနှင့် ထိရောက်စွာ အသုံးပြုခြင်းသာမက မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့နည်းစေသည့်အတွက် အပူပေးသို့မဟုတ် အအေးပေးပစ္စည်းများထုတ်လုပ်သည့် စက်ရုံများအနေဖြင့် ၎င်းနည်းပညာကို အသုံးပြုခြင်းသည် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် အအေးပေးနည်းပညာနှင့် သက်ဆိုင်သော လုပ်ငန်းများတွင် တိုးတက်လာသည့် ခေတ်ရေစီးကြောင်းနှင့်အညီ အမီလိုက်ပြီး တွေးခေါ်နိုင်သည့် ပညာရှင်များအား အလုပ်ခန့်ထားရန်၊ ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်များတွင်လည်း နည်းပညာရပ်အသစ်များ သင်ကြားပေးရန်နှင့် အအေးပေးနည်းပညာလုပ်ငန်းများ ဆက်လက်ရပ်တည်နိုင်ရေး ဖန်တီးပေးရန် အထူးပင် လိုအပ်ကြောင်းနှင့် အနာဂတ်တွင် အပူချိန်ထိန်းညှိနည်းပညာ တိုးတက်စေရန်၊ တိုးတက်လာသည့် နည်းပညာများအား အစဉ်လေ့လာပြီး အိုဇုန်းလွှာနှင့် ရာသီဥတုစနစ် မထိခိုက်စေရေး စနစ်တကျအသုံးချနိုင်ရန်အတွက် မိမိတို့ဌာနဆိုင်ရာများသာမက လုပ်ငန်းရှင်များနှင့် ပြည်သူလူထုမှအားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ် အသိပညာပေး ဗီဒီယိုကို ကြည့်ရှုအားပေးပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇွန် ၂၇

# ဟဲဟိုးမြို့တွင် စစ်မှုထမ်းဆောင်မည့်သူများကို ထောက်ပံ့ရန်အတွက် ၃ လတစ်ကြိမ် အလှူငွေ ၁ သောင်းမှ ၃ သောင်းအထိ တောင်းခံဟု သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့တွင် ဇွန်လ ၂၅ ရက်နေ့က အစည်းအဝေးခေါ်ယူကာ စစ်မှုထမ်းမည့်သူများကို ထောက်ပံ့ရန်အတွက် ၃ လ တစ်ကြိမ်၊ အိမ်ထောင်စု ၁ စုလျှင် ငွေကျပ် ၁ သောင်းမှ ၃ သောင်းကျပ်အထိပေးရမည်ဟု ခြိမ်းခြောက်တောင်းယူနေကြောင်း သတင်းတု၊ သတင်းအမှားများကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများတွင် ပြည်သူများအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အထက်ပါသတင်းနှင့် ပတ်သက်၍ ကလောမြို့နယ်၊ ဟဲဟိုးမြို့ရှိ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများ၏ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ကောလာဟလသတင်းအမှားများကြောင့် မိဘပြည်သူများ စိုးရိမ်ပူပန်မှုနှင့် သိရှိနားလည်မှုမလွဲမှားစေရေးအတွက် တာဝန်ရှိသူများမှ ရပ်ကွက်၊ ကျေးရွာအုပ်စုများအလိုက် ပြည်သူများသို့ အသိပညာပေးချပြရှင်းလင်းခြင်းလုပ်ငန်းများ အခါအားလျော်စွာဆောင်ရွက်ပေးလျက်ရှိမှုအပေါ် မဟုတ်မမှန်လုပ်ကြံရေးသားကာ ဝါဒဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။ **(၁၀၀)**




ရန်ကုန် ဇွန် ၂၇

# ဈေးအရောင်းအဝယ်စင်တာများတွင် ဆန်အိတ်အသေးများအား ဈေးနှုန်းသက်သာစွာ ပြန်လည်ရောင်းချလျက်ရှိ

ဈေးအရောင်းအဝယ်စင်တာများတွင် လွန်ခဲ့သောရက်အနည်းငယ်က ခေတ္တအရောင်းဆိုင်းငံ့ထားခဲ့သည့် ရွှေဘိုပေါ်ဆန်း၊ ဧရာဝတီပေါ်ဆန်း စသည့်ဆန်အိတ်အသေး (Consumer Pack) များကို ယနေ့တွင် ပြန်လည်ရောင်းချနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ပြည်တွင်းစားသုံးဆန်ဈေးနှုန်းများ တည်ငြိမ်ကျဆင်းရေးနှင့် သင့်တင့်မျှတသောဈေးနှုန်းများဖြင့် ရောင်းချရေးအစီအမံများနှင့်အညီ ဈေးနှုန်းများကို ပြန်လည်သတ်မှတ်ရောင်းချနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက သင့်တင့်မျှတသော ရည်ညွှန်းဈေးများဖြစ်သည့် ရွှေဘိုပေါ်ဆန်း တစ်ကီလိုလျှင် ငွေကျပ် ၃၅၀၀ မှ ၃၈၀၀ အတွင်း၊ ဧရာဝတီပေါ်ဆန်း တစ်ကီလိုလျှင် ငွေကျပ် ၃၀၀၀ မှ ၃၃၀၀ အတွင်း၊ ရက် ၉၀/ အထူးဧည့်မထများဖြစ်ပါက တစ်ကီလိုလျှင် ငွေကျပ် ၂၂၀၀ မှ ၂၅၀၀ အတွင်း ရည်ညွှန်းဈေးများကို ဇွန်လ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှသိရသည်။

**(သတင်းစဉ်)**

၂၈–၆–၂၀၂၄

## နေရာကွက်၍မိုးကြီးနိုင်

ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၆-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၅၅ | ၂၇၃၀ | ၂၇၁၀ | ၂၆၆၅ | ၂၇၃၅ | ၂၇၄၅ | ၂၇၅၅ | ၂၇၀၅ | ၂၈၄၅ | ၂၈၇၅ | ၂၇၂၀ | ၂၇၃၅ | ၂၇၇၀ | ၂၇၆၀ | ၂၇၇၀ | ၃၁၈၀ | ၃၇၀၀ |
| 95 Ron | ၂၇၉၀ | ၂၈၆၅ | ၂၈၄၅ | ၂၈၀၀ | ၂၈၇၀ | ၂၈၈၀ | ၂၈၉၅ | ၂၈၅၀ | ၂၉၈၀ | ၃၀၁၀ | ၂၈၅၅ | ၂၈၇၀ | ၂၉၀၅ | ၂၈၉၅ | ၂၉၀၅ | ၃၃၁၅ | ၃၈၅၀ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၄၀ | ၂၅၂၀ | ၂၄၇၀ | ၂၅၄၀ | ၂၅၅၅ | ၂၅၆၅ | ၂၅၂၀ | ၂၆၅၀ | ၂၆၈၀ | ၂၅၃၀ | ၂၅၄၅ | ၂၅၇၅ | ၂၅၆၅ | ၂၅၈၀ | ၂၉၈၅ | ၃၈၀၀ |
| HSD (50 ppm) | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၀ | ၂၉၅၅ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၀ | ၃၀၀၀ | ၃၀၁၀ | ၃၄၂၀ | ၃၈၀၀ |
| HSD (10 ppm) | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၀ | ၂၉၅၅ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၀ | ၃၀၀၀ | ၃၀၁၀ | ၃၄၂၀ | ၃၈၀၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၀၉ | ၂၅၉၃ |
| 95 Ron | ၂၆၄၁ | ၂၇၂၇ |
| HSD (500 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (50 ppm) | ၂၇၄၅ | ၂၈၂၉ |
| HSD (10 ppm) | ၂၇၄၅ | ၂၈၂၉ |

၀၆၇ - ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ရန်ကုန် ဇွန် ၂၇

# မြန်မာနိုင်ငံဂီတနေ့အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲ ကျင်းပ









မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ဦးဆောင်ကျင်းပသည့် မြန်မာနိုင်ငံဂီတနေ့ အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးများမှ နာယကများနှင့်ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် တေးသီချင်းချစ်သူ ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် တေးသံရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဂီတနေ့အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲသို့ တက်ရောက်အားပေးကြသည့် တေးသီချင်းချစ်သူပရိသတ်များ လက်ကိုင်ဝှေ့ယမ်းအားပေးနိုင်ရန်အတွက် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ အလှလက်ကိုင်မီး ၁၀၀၀ အား မေတ္တာလက်ဆောင်ပေးအပ်ရာ အဆိုပါအလှလက်ကိုင်မီးများဖြင့် ပရိသတ်များက တစ်ခဲနက်ကြည့်ရှုအားပေး၍ လိုက်ပါသီဆိုကြသည်။

ယင်းနောက် မြန်မာနိုင်ငံဂီတနေ့အထိမ်းအမှတ်အဖြစ် ဆင်ကြီးဂဠုန်ချီ၊ လူချွန်လူကောင်း၊ မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း၊ နဂါးနီနှင့် နိုင်ငံတော်သီချင်းတို့ကို အဖွင့်တီးလုံးအဖြစ် Performance အကများဖြင့် တီးခတ်ဖျော်ဖြေကြသည်။

ဆက်လက်၍ မြန်မာဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်အား မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့က ဂုဏ်ပြုပန်းစည်းများ ပေးအပ်ကြသည်။

ထို့နောက် တေးဂီတဖျော်ဖြေပွဲတွင် စန္ဒရားဘိုတာထွန်းညွန့်တေးဂီတအဖွဲ့၊ ART ROBOT (သုခုမစက်ရုပ်များ)တေးဂီတအဖွဲ့၊ IMMORTAL BAND & PLUS THREE တေးဂီတအဖွဲ့၊ HORIZOON တေးဂီတအဖွဲ့တို့က ဖျော်ဖြေတီးခတ်ပေးပြီး ထား၊ မြန်မာပြည်သိန်းတန်၊ တင်ဦးလေး၊ သန်းမြတ်စိုး၊ ကေတုဝင်းထွဋ်၊ ခင်မောင်ထူး၊ ဘိုဘိုဟန်၊ ဂျက်မြသောင်း၊ မေရွှက်ဝါ၊ Lဆိုင်းဇီ၊ အိုင်းရင်းဇင်မာမြင့်၊ နောနော်၊ ဖိုးသောကြာ၊ ကောင်းဆက်၊ ဝေလ၊ ညီမင်းခိုင်၊ ပူစူး၊ အောင်ထက်၊ အစ္စဏီ၊ ဇွဲပြည့်၊ ဟန်ထူးရှာန်၊ ရဲထိုက်၊ သီရိဂျေမောင်မောင်၊ ဂျေညီမလေး၊ ပိုပို၊ မီးနို၊ အိအိ၊ ချယ်ရီသင်း၊ မေသက်ထားဆွေ၊ အေးမြဖြူ၊ ဖြိုးကျော်ထိုက်၊ ဆိုင်းစံ၊ မေစံပယ်ညို၊ အောင်အေးချစ်၊ ရွှေနန်းထက်၊ စစ်မာန်နှင့် ကြည်ဖြူခင်တို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး ယနေ့ဖျော်ဖြေပွဲတွင် စုစုပေါင်းတေးသီချင်းပုဒ်ရေ ၈၀ ခန့်သီဆိုဖျော်ဖြေခဲ့ကြသည်။

၁၉၃၆ ခုနှစ် ဇွန်လ ၂၇ ရက်တွင် မြင်းခြံမြို့၌ ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် တို့ဗမာအစည်းအရုံး ညီလာခံကြီးက တို့ဗမာသီချင်းကို အမျိုးသားသီချင်းအဖြစ် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

မြန်မာ့ဂီတနေ့သတ်မှတ်နိုင်ရန်အတွက် ဂီတပညာရှင်များက အကြံပြုကြရာ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု တိုက်ပွဲစဉ်တွင် မြန်မာတိုင်းရင်းသားများ၏ တိုင်းချစ်၊ ပြည်ချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်များကို မြှင့်တင်ပေးသော သမိုင်းပေးတာဝန်ကျေပွန်ခဲ့ကြသည့် ဂီတပညာရှင်ကြီးများကို ဂုဏ်ပြုရာ၊ ဂုဏ်တင်ရာ၊ ဂုဏ်ယူစရာဖြစ်အောင်၊ ဂီတသမားများထာဝစဉ် အမျိုးသားရေးစိတ်ဓာတ်ရှင်သန်နေစေရအောင် တို့ဗမာသီချင်းကို အမျိုးသားသီချင်းအဖြစ် အတည်ပြုပြဋ္ဌာန်းလိုက်သော ဇွန်လ ၂၇ ရက်ကို မြန်မာ့ဂီတနေ့အဖြစ် သတ်မှတ်ရန် ၂၀၂၃ ခုနှစ် ဇွန်လ ၄ ရက်ကကျင်းပခဲ့သည့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးတွင် သတ်မှတ်အတည်ပြုခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က သမိုင်းဝင်ဂီတနေ့ဖြစ်သော ဇွန်လ ၂၇ ရက်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နှစ်စဉ်ဂီတပြိုင်ပွဲများ၊ ပြပွဲများ၊ ဂီတဆုချီးမြှင့်ပွဲများနှင့် ဂီတနှင့်ပတ်သက်သော လှုပ်ရှားမှုများကို အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ယနေ့ ဇွန်လ ၂၇ ရက်တွင်ကျရောက်သည့် မြန်မာနိုင်ငံဂီတနေ့ ဂီတဖျော်ဖြေပွဲသို့ ဂီတအလွှာအသီးသီးမှ အနုပညာရှင်များ၊ တေးသီချင်းချစ်သူပရိသတ်များ စုံညီစွာ တက်ရောက်ကြပြီး ပျော်ရွှင်စွာပါဝင်ဆင်နွှဲလျက်ရှိကြကြောင်းသိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇွန် ၂၇

# မွန်ပြည်နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

မွန်ပြည်နယ်ရှိစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်နှင့်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များကို လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ဆက်လက်၍ နယ်မြေခံဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။



မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပစဉ်။



မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပစဉ်။

**★ ရှေ့ဖုံးမှအဆက်**

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၄) အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီရုပ်မြင်သံကြားတို့မှ အနုပညာရှင်များက ယိမ်းအကများ၊ တေးသီချင်းများ၊ ကျောင်းသီချင်းများ ပေါင်းစပ်တစ်ခန်းရပ်အစီအစဉ်၊ အကအလှများ၊ တေးသရုပ်ဖော်အကများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကပြဖျော်ဖြေခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီရုပ်မြင်သံကြားတို့မှ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)





မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အနုပညာရှင်များက သီဆိုကပြဖျော်ဖြေတင်ဆက်စဉ်။



မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အနုပညာရှင်များက သီဆိုကပြဖျော်ဖြေတင်ဆက်စဉ်။



မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အနုပညာရှင်များက သီဆိုကပြဖျော်ဖြေတင်ဆက်စဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW June 27

# Dinner in honour of Myanmar National Education Conference 2024 held; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends the dinner





Senior General Min Aung Hlaing watches a performance at the commemorative dinner of Myanmar National Education Conference 2024.



Dinner in honour of the Myanmar National Education Conference 2024 was held at MICC-II here this evening attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, SAC Joint Secretary Lt-Gen Ye Win Oo, SAC members, union ministers, union level officials, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, rectors, principals, ministry officials, resource persons, and teachers.

Secretary of the Steering Committee to hold Myanmar National Education Conference Union Minister for Education Dr Nyunt Pe expressed words of thanks for the success of the conference.

The Senior General and attendees enjoyed group dances, songs, a short play on a combination of school songs, dances, musical plays staged by artistees of MRTV of Ministry of Information, Fine Arts Department of Ministry of Religious Affairs and Culture, and Myawady TV under the command of Directorate of Public Relations and Psychological Warfare.

After the dinner, Chairman of State Administration Council Prime Minister Senior General Min Aung Hlaing presented flower baskets and honourary cash awards to the artistees and cordially greeted them.

100



The commemorative dinner of Myanmar National Education Conference 2024 being hosted.

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

AGRICULTURE

# Three townships in Chin State to implement highland farmlands in 2024-2025 FY

According to the Ministry of Agriculture, Livestock and Irrigation, plans are underway to implement highland farmlands in three townships of Chin State in 2024-2025 financial year.

No 3 highland farmland reclamation project office under the Agricultural Mechanization Department in Haka of Chin State will reclaim 229 acres of highland farmlands in three townships of Chin State.

The highland farmlands aim to fulfill basic needs of local ethnic people relying on manageable scale slash and burn farming. So, the department is implementing reclamation of highland farmlands.

The project will comprise reclamation of farmlands nearby the residences of farmers, appropriate farmlands for cultivation, selection of slope areas, and suitable areas for resettlement of new villages.

The highland farmlands will prevent loss of soil layers and benefit farmers with growing cash crops and contribute to regional development and environmental conservation.

Those ethnic people wishing to reclaim highland farmlands can apply for it at the Township General Administration Department via relevant village administrators and send copies to the No 3 highland farmland reclamation project office, relevant township farmland management and statistics department, agriculture department and irrigation and water utilization management department.

**SMK**

AGRICULTURE

# Yamethin Township authorities disburse Ks-175 million loans to pre-monsoon crops and summer paddy cultivation

Local authorities in Yamethin Township of Mandalay Region loaned Ks-175 million from the State economic promotion fund to the local farmers to grow pre-monsoon crops and summer paddy, said U Aung Myo Thant, Head of Yamethin Township Agriculture Department.

The loans were disbursed to local farmers starting from the second week of April for cultivation of 875 acres of crops in the township. So far, Ks-175 million has been disbursed to them.

"The loan came from the State economic promotion fund. It was set to disburse Ks-200,000 per acre. So, Ks-175 million was issued to 286 farmers. It aims to increase agricultural production, service, MSME businesses and others as well as rise family incomes," he disclosed.

The loans cover 25 acres of pre-monsoon sunflower, 750 acres of pre-monsoon long staple cotton and 100 acres of summer paddy, totalling 875 acres of crops. **SK**

AGRICULTURE

# Farmers in Shwebo District harvest 14,919 acres of winter mung beans

A total of 14,919 acres of mung beans planted during the winter crop planting season in Shwebo District have been harvested, according to the Department of Agriculture for Shwebo District.

During the 2023-2024 winter planting season, the mung bean fields planted in Shwebo District have been harvested since February this year. So far, 14,919 acres have been harvested and 19.21 baskets per acre of mung bean have been produced.

"As for mung bean cultivation, we can grow more than the target. During the mung bean cultivation, the necessary technologies, types, and methods of preventing the disease were also carried out on the ground," said Daw Zar Zar Min, Deputy Director of the Department of Agriculture for Shwebo District.

The completion of mung bean harvesting by townships in Shwe Bo District are as per following: 3,266 acres in Shwebo Township, 7,628 acres in KhinU Township, 2,774 acres in Wetlet Township, and 1,291 acres in Kyaukmyaung Sub-Township, totaling 14,919 acres. **SMK**

RUSSIA

# Russia strikes Ukrainian airfields set to house Western-supplied jets – MOD



Russia strikes Ukrainian airfields set to house Western-supplied jets.

Russian forces have struck Ukrainian airbases that were set to house Western-supplied fighter jets, including US-designed F-16s, the Defence Ministry in Moscow has reported.

The Russian military launched a group strike on Thursday morning, employing long-range sea-based weapons, the Kinzhal hypersonic missile, and unmanned aerial vehicles to attack the "airfield infrastructure of Ukraine, planned to accommodate aircraft from Western countries," the ministry said in a statement.

"The goal of the strike has been achieved. All designated targets have been hit," it added, without specifying the number or location of the airfields that were struck.

The report comes as Kiev's Western backers, including the US, Belgium, Denmark, Norway, and the Netherlands, have pledged to provide Ukraine with as many as 60 F-16s by the end of the year. However, none of the jets have yet been supplied.

Deliveries have apparently been held up because Ukrainian pilots are still only learning to operate the jets. Once they have completed their training by the end of the year, there will still only be a "handful" of pilots, according to recent media reports, which have also noted that Ukraine doesn't have enough maintenance crews to service the jets. **RT**

LEBANON

# Hezbollah official killed in Israeli airstrike on Lebanese town

A Hezbollah official was killed on Thursday in an Israeli airstrike targeting his motorcycle in the Western Bekaa District in eastern Lebanon, Lebanese military sources told Xinhua.

The sources, who spoke anonymously, said an Israeli drone targeted the motorcycle with an air-to-surface missile in the center of the town of Sohmor, killing its driver.

According to the sources, the driver, Ali Ahmed Alaa El-Din, served as a military official in Hezbollah, operating within the Department of Military Operations in Western Bekaa. He had also been involved in field military activities in the border region of southern Lebanon.

During the past few days, the border areas in southern Lebanon witnessed an escalation between Hezbollah and the Israeli army.

Tensions along the Lebanon-Israel border escalated on October 8, 2023, following a barrage of rockets launched by Hezbollah toward Israel in solidarity with Hamas' attack on Israel the day before. Israel then retaliated by firing heavy artillery toward southeastern Lebanon. **Xinhua**

INDIA

# Indian stock markets at all time high, experts hope up trend will continue

Indian stock markets, the Bombay Stock Exchange (BSE) and the National Stock Exchange (NSE), touched all-time new highs on Thursday, revealed the live data on their respective official websites.

At 4:17 p.m. local time, while the NSE rallied at 24,044.50 points, and the BSE stood at 79,243.18 points.

This was the first time in India's stocks history when the NSE breached the 24,000-mark and the BSE crossed the 79,000-mark, said media reports.

Financial and investment experts were of the opinion that the stocks would rise further in the coming days, even as key stocks like Reliance, Bajaj, and the Housing Development Finance Corporation (HDFC) Bank gained during the day.

The highs in the country's stock markets were mainly driven by the impressive rally in banks' stocks, and the optimism surrounding the federal budget for the financial year 2024-2025, which is most likely to be announced in four weeks from now.

A media report by India Today quoted Chief Investment Strategist V.K. Vijayakumar at the Geojit Financial Services as saying that the upward trend in Indian stocks was due to an overall "healthy trend".


"The market will remain bullish in the near-term despite the valuation concerns, and the ongoing momentum has the potential to take the BSE to 80,000 levels. A healthy trend in the market is that now the up move is being led by fundamentally strong largecaps in sectors like banking and telecom," said Vijayakumar, according to the media report.

Another report by The Times of India quoted Head of Retail Research at Motilal Oswal Siddhartha Khemka as saying, "The overall optimism surrounding the federal budget 2024-2025, increasing foreign institutional investors (FIIs) inflows, and robust domestic economic data contributed towards the positive movement in the market. We expect the ongoing uptrend to continue further."

**Xinhua**

PAKISTAN

# Wild poliovirus found in sewage samples of 7 districts in southern Pakistan



Wild poliovirus found in sewage samples of 7 districts in southern Pakistan.

Sewage samples collected from seven districts of Pakistan's southern Sindh province, including six previously infected districts, have tested positive for wild poliovirus type 1, the Pakistani Health Ministry said.

The environmental samples collected between June 3 and 5 from Qambar, Hyderabad, Jacobabad, Sukkur, Jamshoro, Karachi South and Karachi Malir districts contained the virus, the ministry said in a statement on Wednesday.

The virus found in these samples was genetically linked to the YB3A genetic cluster of type 1, which has been detected in all positive cases and sewage samples reported this year, said the statement.

This virus has been found in 46 districts this year, including from two districts where only cases have been reported, not positive environmental samples, it added.

So far this year, six people have been affected by the poliovirus, according to the ministry.

**Xinhua**

TURKEY

# Turkish police detain 10 IS suspects

Turkish police detained ten suspected members of the Islamic State (IS) during an operation in Istanbul on Thursday, the state-run Anadolu news agency reported.

The Istanbul Police Department's Counter-Terrorism Unit initiated the operation after identifying the suspects involved in activities with IS members in Syria and northern Iraq.

According to the report, the police identified the suspects as "terrorist fighters with foreign nationalities, deemed to pose a threat to the country."

Anadolu added that simultaneous operations were conducted at 17 different addresses across seven districts, and the detained suspects were then transported to the police station for further legal procedures.

The Turkish government designated IS as a terrorist organization in 2013, blaming it for a spate of deadly attacks in the country since 2015, including a January attack on a Roman Catholic church in Istanbul that killed one person.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Finland to roll out vaccines for bird flu next week in world first- as human cases of virus spread across the globe

- **Doctors warn CDC is unprepared for bird flu outbreak**



Finland will become the first nation to offer bird flu vaccinations as it plans to roll out the shots next week.

Finland will become the first nation to offer bird flu vaccinations as it plans to roll out the shots next week to high-risk workers amid rising concerns over the virus jumping from animals to people.

Officials in the Nordic nation say 10,000 doses will be administered to those working closely with animals, such as poultry and fur farm workers.

Patients will receive two doses of the shot at least a week apart, with vaccines to be distributed once they are delivered from stockpiles in central Europe.

The bird flu virus is currently not well-adapted to infect people, with the CDC saying the risk to humans is 'low,' but experts fear this could change if it undergoes new mutations, saying every additional infection outside of birds poses a risk.

Globally, at least 11 humans have tested positive for bird flu across four countries so far this year. Cambodia has the most cases, with five, followed by three in the US, which is currently experiencing a major bird flu outbreak among cows.

No human infections have been recorded in Finland as of yet.

But the country ordered the roll out after an outbreak of the virus on 27 fur farms in the country last year, including those housing mink and foxes.

Although no humans were infected by the virus, the cases did lead to 485,000 animals being culled to stop the disease from spreading.

In its campaign, Finland will offer a vaccine targeting the H5 protein on the virus, which officials say will likely work well against H5N1 infections.

The vaccines will be shipped from the Australian company CSL Seqirus as part of a European Union campaign to procure 40million doses in 15 countries.

The Finnish Institute for Health and Welfare (THL) said in a statement: 'The vaccine will be offered to those aged 18 or over who are at increased risk of contracting avian influenza due to their work or other circumstances.'

This includes those working on fur and poultry farms, as well as lab technicians who handle bird flu samples and veterinarians working in areas with fur farms.

People who work in sanctuaries caring for wild birds, on farms or those who clean slaughterhouses and animal housing will also be offered the vaccine.


If a human infection is detected, the shot would also be administered to the person's close contacts, officials added.

Health officials say the vaccine is expected to trigger sufficient antibodies to protect against a bird flu infection.

A previous study involving 3,400 people found 90 percent of those under 60 years old and 80 percent of those over 60 years old had antibody levels that 'would protect them against H5N1'. Studies have also shown the vaccine is safe to use.

In the US, a total of 4.8million doses of a bird flu vaccine are set to be delivered by late summer — although there are currently no plans to distribute them.

America's department of agriculture reports 118 dairy cow herds across 12 states have confirmed H5N1 cases and the three human cases were in people with direct contact with infected cattle.




The above map shows detections of bird flu or H5N1 among mammals in the US from May 2022 to June 18, 2024.

They experienced swelling of the eyes and respiratory symptoms.

Despite the spread, the CDC said the risk to humans is low.

The outbreak in cattle is unprecedented, and has raised concerns the virus could be a step closer to spreading to humans.

But H5N1 has been causing a major outbreak in the animal world for months — infecting everything from foxes to raccoons and even dolphins and seals.

Finnish officials said they want to roll out the vaccine as soon as possible to minimize the risk of the bird flu spreading to humans.

They said the country faces a heightened risk because most of its fur farms are outdoors where animals kept in them can come into contact with wild animals — raising their risk of contracting the virus and passing it onto humans.

Minks pose a particular risk because the animals carry similar receptors in their lungs to humans, meaning they could act as 'mixing vessels' for spreading the virus to humans.

**Mail Online**

# ယူကရိန်းရဲ့ ကြွက်မနိုင် ကျီမီးနဲ့ရှို့သည့်လုပ်ရပ်ကို အမေရိကန်နှင့်အနောက်အုပ်စုတို့ နှုတ်ဆိတ်နေ



အမေရိကန်ဆိုတာ ကမ္ဘာပေါ်မှာတရားမျှတမှုကို အလိုလားဆုံးသော တိုင်းပြည်တစ်ပြည်အဖြစ် ကမ္ဘာ့မီဒီယာတွေမှာ သူတို့ကိုယ်သူတို့ ပုံဖော်ခဲ့ကြသည်။ ယခုလိုပုံဖော်လာသည်မှာလည်း အချိန်တော်တော်ကြာပြီဖြစ်သည်။ သို့ပေမယ့် ၎င်းတို့၏ မီဒီယာထက်မှာပုံဖော်မှုနဲ့ မြေပြင်ထက်က လုပ်ရပ်က ဆင်သေကိုဆိတ်သားရေနဲ့ ဖုံးနေသလိုဖြစ်နေသည်။ ၎င်းအခြေအနေကို စပြီးသတိထားမိသည်မှာ အရှေ့အလယ်ပိုင်းမှာ အမေရိကန်တို့ခြေရှုပ်စဉ်က ဖြစ်ပြီး ယင်းအချိန်တုန်းက ၎င်းတို့အပေါ် အကြမ်းဖက်တိုက်ခိုက်မှုကျူးလွန်သည့်အတွက် အကြမ်းဖက်မှုချေမှုန်းရေးလုပ်သည်ဟုဆိုကာ အများကယုံကြည်ခဲ့ကြသည်။ ယခုနောက်ပိုင်းတွင် အရင်လိုမဟုတ်တော့သည်မှာ မျက်ဝါးထင်ထင်ဖြစ်သည်။

အကြမ်းဖက်မှုချေမှုန်းရေးကိုခေါင်းစဉ်တပ်ပြီး အမေရိကန်ကိုယ်တိုင် အကြမ်းဖက်တိုက်ခိုက်မှုကျူးလွန်နေခဲ့သည်ကို အမေရိကန်မီဒီယာမဟုတ်သည့် အခြားမီဒီယာတွေမှာဖော်ပြမှသာ သိရတာမျိုးဖြစ်သည်။ ယခုအခါ အမေရိကန်တို့၏ အပြောတစ်မျိုး၊ အလုပ်တစ်မျိုးဆိုတဲ့ ရုပ်လုံးကြီးက ဘွင်းဘွင်းရှင်းရှင်းကြီးကို ပေါ်လာပြီဖြစ်သည်။ ယူကရိန်းက အမေရိကန်တို့ ပေးထားသည့်လက်နက်ကို အသုံးပြုပြီး ရုရှားပြည်သူတွေအပေါ် အကြမ်းဖက်တိုက်ခိုက်လိုက်တဲ့အခါမှာ ထင်ထင်ရှားရှားပေါ်လွင်သွားခဲ့သည်။ ၎င်းဖြစ်စဉ်ကို ပြန်ပြောင်းပြောရမယ်ဆိုရင် ဇွန်လ ၂၃ ရက်တွင် ယူကရိန်းဘက်က ရုရှားနိုင်ငံပိုင်နယ်မြေဖြစ်တဲ့ ဆီဗက်စတိုပိုမြို့ကို ဒုံးကျည်တွေနဲ့ပစ်တဲ့ဖြစ်စဉ်ဖြစ်သည်။ စုစုပေါင်း ဒုံးကျည်ငါးလုံးပစ်ခတ်ခဲ့ပြီး ၎င်းငါးလုံးထဲမှ တစ်လုံးသာကျရောက်ပေါက်ကွဲခဲ့ကာ ကျန်သည့်လေးလုံးမှာ ရုရှား၏လေကြောင်းရန်ကာကွယ်ရေးစနစ်တွေက ပစ်ချလိုက်နိုင်ခဲ့သည်ဟု သိရသည်။ ယူကရိန်းတို့က ပစ်လိုက်သည့်ဒုံးကျည်များသည် သမားရိုးကျထိပ်ဖူးတွေ တပ်ထားတာမဟုတ်ဘဲ နိုင်ငံတကာမှာ အသုံးပြုဖို့တားမြစ်ထားသည့် ပဒေသာခဲယမ်းတွေကိုတပ်ဆင်ပြီး ပစ်လိုက်ခြင်းဖြစ်သည်။ ဒီဖြစ်စဉ်ကိုကြည့်မည်ဆိုလျှင် ယူကရိန်းတို့၏ အကြင်နာမဲ့လုပ်ရပ်ကို ပေါ်လွင်စေသည်။ အဘယ်ကြောင့်ဆိုရသော် ၎င်းတို့၏ဒုံးကျည်ကျရာပစ်မှတ်နေရာသည် ပြည်သူတွေ လာရောက်အပန်းဖြေလေ့ရှိတဲ့ ကမ်းခြေဖြစ်နေတာကြောင့်ဖြစ်သည်။ အင်တာနက်မှာ မြင်တွေ့ရတဲ့ ဗီဒီယိုတစ်ခုမှာဆိုရင်လည်း ဒုံးကျည်ပေါက်ကွဲမှုကြောင့် ကမ်းခြေမှာ အပန်းဖြေနေတဲ့ပြည်သူတွေ ဝရုန်းသုန်းကားနဲ့ထွက်ပြေးနေရတာကို ကမ္ဘာတစ်ဝန်းမြင်တွေ့ရမှာဖြစ်သည်။ အပြစ်မဲ့ပြည်သူတို့ရဲ့ စိတ်ထဲမှာ ဘယ်လောက်ထိတောင်မှ ကြောက်နေလိမ့်မယ်ဆိုတာကို တွေးတောင်မတွေးရက်နိုင်အောင်ပင်ဖြစ်သည်။ ၎င်းတို့အနီးဝန်းကျင်သို့ ဒုံးကျည်ထိပ်ဖူးရဲ့အပိုင်းအစတွေက လာကျနေကြတာကို တွေ့ရမည်ဖြစ်သည်။

ယူကရိန်းတို့၏ အကြမ်းဖက်တိုက်ခိုက်မှုတွင် အပြစ်မဲ့တဲ့ကလေးငယ် သုံးဦးအပါအဝင် အရပ်သားငါးဦး သေဆုံးသွားခဲ့ပြီး ၁၅၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု ရုရှားနိုင်ငံကထုတ်ပြန်ထားသည်။ အခြားအချက်တစ်ခုက ယူကရိန်းတို့၏ အကြမ်းဖက်တိုက်ခိုက်မှုလုပ်သည့်အချိန် ရွေးချယ်မှုကိုကြည့်ရလျှင် အကြမ်းဖက်တိုက်ခိုက်မှုလုပ်သည့်ရက်က ခရစ်ယာန်ဘာသာဝင်များ အလေးအမြတ်ထားရာရက်တစ်ရက်ဖြစ်သည့် Saint Trinity Sunday ရက်ဖြစ်နေသည်ကို တွေ့ရမည်။ ၎င်းနေ့လိုအချိန်အခါကိုမှ လူသွားလူလာများသည့် ကမ်းခြေလိုနေရာမျိုးကိုရွေးပြီး ဒုံးကျည်တွေနဲ့ပစ်ခတ်တိုက်ခိုက်မှုလုပ်တယ်ဆိုတာကို ကြည့်ခြင်းအားဖြင့် ယူကရိန်းတို့ရဲ့ရက်စက်မှုက အထင်းသားပေါ်လွင်နေပြီး ယူကရိန်းတို့အနေဖြင့် ဘာသာရေးပြစ်မှုကျူးလွန်ဖို့အတွက် ၎င်းနေ့ကိုပင် တမင်တကာရွေးထားသည်ဟုတောင်ထင်ရသည်။ ထိုလုပ်ရပ်ကြောင့်ဆိုလျှင်တော့ ယူကရိန်းတို့အပေါ်မှာထားသည့် ရုရှားနိုင်ငံသားများ၏အမုန်းနဲ့အငြိုးက ပိုမိုကြီးသွားတော့မှာဖြစ်သည်။ ထိုအကြမ်းဖက်တိုက်ခိုက်မှုတွင် သုံးသွားသည့်ဒုံးကျည်များသည် ဘယ်ကနေရသည်ဟု ထင်ပါသလဲ၊ အများသိသလိုထုံးစံအတိုင်း အမေရိကန်ဆီကရခြင်းပင်ဖြစ်သည်။ ATACMS နည်းဗျူဟာမြောက် အမြင့်ပျံဒုံးကျည်တွေကို သုံးသွားသည်ကိုတွေ့ရသည်။ အမေရိကန်က ယူကရိန်းကို ၎င်းပုံစံမျိုး ဒုံးကျည်တွေထောက်ပံ့ပေးရုံသာမကဘဲ စစ်ရေးနည်းပညာအကူအညီတော်တော်များများလည်း ပေးထားသေးသည်ကိုတွေ့ရသည်။ အဓိကကူညီပေးမှုတွေထဲမှာ ပစ်ခတ်မှုစီမံချက်တွေချမှတ်ခြင်း၊ ဂြိုဟ်တုကနေ ကင်းထောက်ပေးခြင်း၊ ရုရှားနယ်မြေအတွင်းမှာရှိတဲ့ ပစ်မှတ်များ၏ မြေပုံညွှန်းတွေကို ယူကရိန်းဆီပေးခြင်း၊ ဒုံးကျည်ပျံသန်းမှုလမ်းကြောင်းများကို တိုက်ရိုက်ကွပ်ကဲပေးခြင်းမျိုးတွေပါဝင်နေသည်ကိုတွေ့ရသည်။ ယခင်တုန်းကတော့ အမေရိကန်နဲ့ အနောက်အုပ်စုက သူတို့ထောက်ပံ့ပေးထားသည့်လက်နက်များကို ရုရှားနဲ့အပြန်အလှန်တိုက်ခိုက်မှုအတွင်းမှာပဲ အသုံးပြုခွင့်ပေးထားပြီး အထူးသဖြင့် စစ်မြေပြင်နေရာမှာပဲ အသုံးပြုပါဆိုပြီးပြောထားခြင်းဖြစ်သည်။ ယခုကျတော့ အမေရိကန်ဘက်က စစ်ဘောင်ကိုပိုချဲ့လိုက်တဲ့အနေအထားတွေ့မြင်ရပြီး ၎င်းတို့ပေးထားသည့် လက်နက်များဖြင့် ရုရှားနိုင်ငံအတွင်းပိုင်းအထိ တိုက်ခိုက်နိုင်သည်ဆိုပြီး ခွင့်ပြုလိုက်ခြင်းသည် တော်ရုံတန်ရုံအတွေးအခေါ်နဲ့တော့ ဆောင်ရွက်ခြင်းမဖြစ်နိုင်သည်ကို တွေ့မြင်ရသည်။

ဘာလုပ်ရင်ဘာဖြစ်မယ်ဆိုတာကို သူတို့အနေနဲ့ ကြိုတွေးပြီးသားဖြစ်ပြီး ယခုလိုမျိုးခွင့်ပြုလိုက်ခြင်းက ဒီလိုအခြေအနေကိုလိုချင်လို့ ဒီလိုလုပ်ခွင့်ပေးလိုက်တာဖြစ်သည်။ စစ်မြေပြင်လိုနေရာမဟုတ်ဘဲ ရုရှားနယ်မြေအတွင်းပိုင်းထဲကို ဒုံးကျည်တွေနဲ့ပစ်ခတ်မည်ဆိုလျှင် အရပ်သားတွေ သေကျေပျက်စီးမယ်ဆိုတာကို အမေရိကန်ကကောင်းကောင်းသိပြီး ဒီလိုမျိုးသိသိလျက်နဲ့ သူတို့ရဲ့လက်နက်တွေကို ရုရှားနယ်မြေထဲအထိ တိုက်ခိုက်ဖို့အသုံးပြုခွင့်ပေးလိုက်သည်ဆိုကတည်းက အမေရိကန်ဆိုတာ အကြမ်းဖက်တိုက်ခိုက်မှုကို အားပေးအားမြှောက်ပြုရာရောက်နေခြင်းဖြစ်သည်။ ယူကရိန်းတို့ကလည်း ဘာကြောင့်ယခုလိုမျိုးတိုက်ခိုက်ရသလဲဆိုလျှင် "ကြွက်မနိုင် ကျီမီးနဲ့ရှို့" ဆိုတဲ့စကားပုံကဲ့သို့ စစ်မြေပြင်တွင် ရုရှားကို မည်သည့်နေရာမှမနိုင်သည့်အခါ ငြိမ်းချမ်းစွာနေနေတဲ့ ရုရှားပြည်သူတွေကို ပစ်မှတ်ထားပြီး တိုက်ခိုက်လာခြင်းဖြစ်သည်။ ဆီဗက်စတိုပိုတိုက်ခိုက်မှုကို ပြန်ကြည့်မယ်ဆိုရင် အကြမ်းဖက်တိုက်ခိုက်မှုကို လုပ်တာက ယူကရိန်းဖြစ်ပြီး အကြမ်းဖက်တိုက်ခိုက်မှုလုပ်ဖို့အတွက် ထောက်ပံ့ပေးတာက အနောက်အုပ်စုဖြစ်သည်။ အထူးသဖြင့် အမေရိကန်က ဦးဆောင်ပေးခြင်းဖြစ်သည်။ တကယ်တော့ အမေရိကန်ဟာ ယူကရိန်းအနေနဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေလုပ်နိုင်အောင် သွေးထိုးမြှောက်ပင့်ပေးနေရုံသာမကဘဲ တခြားနိုင်ငံငယ်လေးတွေမှာလည်း အကြမ်းဖက်အဖွဲ့တွေကို ထောက်ပံ့မှုပေးနေသည်ကို တွေ့ရှိရသည်။ လက်တွေ့စဉ်းစားကြည့်လျှင် အရှေ့အလယ်ပိုင်းမှာ နေရပ်စွန့်ခွာရသူတွေများလာတယ်ဆိုတာကလည်း အမေရိကန်၏အကြမ်းဖက်အားပေးထောက်ပံ့မှုများကြောင့်ပင်ဖြစ်သည်။

အမေရိကန်ဟာ ကမ္ဘာပေါ်မှာ တရားမျှတမှုကို အလိုလားဆုံးသော တိုင်းပြည်တစ်ပြည်အဖြစ် ကမ္ဘာ့မီဒီယာအထက်မှာ ပုံဖော်နေကြောင်း အစောပိုင်းတုန်းက ကျွန်တော်တို့မြင်ခဲ့ရပြီး နောက်ဆုံးတွင် မည်သို့မျှဟန်ဆောင်၍မရသည့်အဆုံး အမေရိကန်တို့၏ ဟန်ဆောင်မျက်နှာဖုံးကြီးကွာကျသွားပြီး အကြမ်းဖက်တိုက်ခိုက်မှုကို အားပေးသောနိုင်ငံအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။ အမေရိကန်အစိုးရအနေဖြင့် ယခုလိုမျိုးလုပ်လိုက်လို့ ဘယ်လိုရလဒ်ထွက်လာစေမလဲဆိုလျှင် ကမ္ဘာ့စာမျက်နှာထက်မှာ အင်မတန်မှရွံစရာကောင်းတဲ့ နိုင်ငံတစ်နိုင်ငံအနေဖြင့်သာ ထွက်ပေါ်လာတော့မည်ဖြစ်သည်။ ယခုလို အခြေအနေမျိုးကိုဆိုက်ရောက်စေတဲ့ ဂျိုးဘိုင်ဒင်အစိုးရရဲ့ ဆုံးဖြတ်ချက်တွေကိုလည်း အမေရိကန်ပြည်သူတွေက နှစ်သက်သဘောကျမည် မဟုတ်သည့်အတွက်ကြောင့် လာမည့်ရွေးကောက်ပွဲတွင် ဂျိုးဘိုင်ဒင်အနေဖြင့် ဝင်မပြိုင်ခြင်းက ပိုပြီးသိက္ခာရှိလိမ့်မည်ဖြစ်သည်။



ကျွန်တော့်ဆောင်းပါးကိုပြန်ကောက်ရမည်ဆိုလျှင် အခုဆီဗက်စတိုပိုဖြစ်စဉ်မှာ သေဆုံးသွားရတဲ့ ရုရှားပြည်သူတွေအတွက် ဝမ်းနည်းပါတယ်ဆိုတဲ့ စကားတစ်ခွန်းတောင် အမေရိကန်ဘက်က ထွက်မလာရုံတင်မက အနောက်အုပ်စုတစ်ခုလုံးကပါ တစ်ခွန်းတစ်ပါဒမှ ထွက်မလာသည်ကိုတွေ့ရသည်။ ယူကရိန်းတို့၏လုပ်ရပ်ကလည်း တစ်နည်းပြောရမယ်ဆိုရင် သူရဲဘောကြောင်ခြင်းဖြစ်ပြီး သူတို့ပစ်လိုက်သည့်ဒုံးကျည်တွေက စစ်ရေးပစ်မှတ်တစ်ခုခုကို ထိမှန်ခဲ့မည်ဆိုလျှင်တောင် ကြားကောင်းသေးသည်။ ယခုတော့ ကမ်းခြေမှာငြိမ်းချမ်းစွာနေနေကြတဲ့ ပြည်သူတွေအပေါ်ကိုမှ ဒုံးကျည်ကျရောက်လာသည့်အတွက် ရုရှားကလည်း ဒီအခြေအနေကို ဒီအတိုင်းလက်ပိုက်ကြည့်နေမှာမဟုတ်တာတော့ သေချာသည်။ တစ်နည်းနည်းဖြင့် လက်စားပြန်ချေမှုတော့ ရှိလာမည်ဖြစ်ပြီး ၎င်းလက်စားချေမှုကလည်း စစ်မြေပြင်မှာသာဖြစ်လိမ့်မည်ဟု မှချယုံကြည်ပါကြောင်း ရေးသားလိုက်ပါသည်။ ။

**ထက်မြတ်**

Ref: Russian MOD

ဆိုး၊ စစ်ရေး

# တောင်ကိုရီးယား၊ အမေရိကန်နှင့် ဂျပန်တို့က ပူးတွဲစစ်ရေးလေ့ကျင့်ခန်းတစ်ရပ် စတင်

တောင်ကိုရီးယား၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့သည် ပူးတွဲစစ်ရေးလေ့ကျင့်ခန်းတစ်ခုကို ဇွန်လ ၂၇ ရက်တွင် စတင်လိုက်ကြောင်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်များရုံးက ထုတ်ပြန်သည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို Freedom Edge ဟု အမည်ပေးထားပြီး စစ်ရေးလေ့ကျင့်မှုအတွင်း ပဲ့ထိန်းဒုံးကျည်၊ လေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးဆိုင်ရာ စစ်ဆင်မှုများနှင့် ဆိုက်ဘာကာကွယ်ရေးဆိုင်ရာ လေ့ကျင့်မှုများကို အဓိကထားလုပ်ဆောင်မည်ဖြစ်ကြောင်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်များရုံးက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ယခုစတင်ခဲ့သည့် Freedom Edge ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဇွန်လ ၂၉ ရက်အထိ လုပ်ဆောင်မည်ဖြစ်ပြီး အမေရိကန်က ၎င်းတို့၏ နျူကလီးယားစွမ်းအင်သုံး USS Theodore Roosevelt လေယာဉ်တင်သင်္ဘော၊ ဂျပန်နိုင်ငံမှ ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘောနှင့် တောင်ကိုရီးယားမှ KF-16 တိုက်လေယာဉ်နှင့် အခြားလက်နက်ပစ္စည်းများပါဝင်ကြောင်း သိရသည်။

တောင်ကိုရီးယား၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့မှ ခေါင်းဆောင်များသည် ၎င်းတို့ကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို နှစ်စဉ်ကျင်းပရန် ပြီးခဲ့သည့်နှစ်က ကျင်းပခဲ့သည့် သုံးနိုင်ငံထိပ်သီးဆွေးနွေးပွဲ၌ သဘောတူခဲ့ကြကြောင်းသိရသည်။

*Ref: ST*



ခါတွန်း၊ ပြည်တွင်းရေး

# ဆူဒန်နိုင်ငံရှိ ဒေသအများအပြား၌ ငတ်မွတ်ခေါင်းပါးမည့်အန္တရာယ်နှင့် ရင်ဆိုင်ရဖွယ်ရှိဟုဆို



ဆူဒန်နိုင်ငံတွင် ပဋိပက္ခများဆက်လက်ဖြစ်ပွားနေပါက နိုင်ငံအတွင်းရှိဒေသအများအပြား၌ ငတ်မွတ်ခေါင်းပါးမည့်အန္တရာယ်နှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ဖွဲ့က ဇွန်လ ၂၇ ရက်တွင် ထုတ်ပြန်သည်။

ဆူဒန်တွင် လက်နက်ကိုင်ပဋိပက္ခများဆက်လက်ဖြစ်ပွားနေပါက နိုင်ငံအတွင်းရှိ ဒေသ ၁၄ ခုတွင် အစားအစာရှားပါးမှုနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း စားနပ်ရိက္ခာဖူလုံမှု စောင့်ကြည့်ရေးအဖွဲ့ကြီးက ထုတ်ပြန်ခြင်းဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခများသည် ပြီးခဲ့သည့်နှစ် ဧပြီလမှစတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် လူပေါင်း ခုနစ်သိန်းခဲ့ကျော်သည် အစားအစာအလွန်ရှားပါးမှုနှင့် ရင်ဆိုင်နေရကြောင်းသိရသည်။

ထို့ပြင် နိုင်ငံအတွင်းရှိ လူဦးရေ၏ ၁၈ ရာခိုင်နှုန်းဖြစ်သည့် လူ ၈ ဒသမ ၅ သန်းခန့်မှာ စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ကြုံတွေ့နေရခြင်းကြောင့် အရေးပေါ် အကူအညီများလိုအပ်လျက်ရှိကြောင်း အဖွဲ့ကြီးက ဆက်လက်ထုတ်ပြန်သည်။

ဆူဒန်နိုင်ငံတွင် အစိုးရတပ်ဖွဲ့နှင့် လက်နက်ကိုင်သောင်းကျန်းသူများကြား တိုက်ခိုက်မှုများသည် ခါတွန်းမြို့တော်၌ စတင်ခဲ့သော်လည်း နောက်ပိုင်းတွင် နိုင်ငံအတွင်းရှိဒေသအများအပြားသို့ ပျံ့နှံ့သွားခဲ့ပြီး ဒါဖိုးဒေသတွင် အကြမ်းဖက်မှုများ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

နိုင်ငံအတွင်းရှိ စုစုပေါင်းလူဦးရေ၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းသည် အစားအစာအလွန်ရှားပါးမှုနှင့် ရင်ဆိုင်နေရပြီး ကလေးသူငယ်အရေအတွက် အနည်းဆုံး ၃၀ ရာခိုင်နှုန်းခန့်မှာ အာဟာရပြတ်လပ်မှုကိုဆိုးရွားစွာရင်ဆိုင်နေရပါက နိုင်ငံအတွင်း၌ အစားအစာပြတ်လပ်သည့် အခြေအနေတစ်ရပ်ကို ကြေညာနိုင်ကြောင်းသိရသည်။

*Ref: ST*

ဘရပ်ဆဲ၊ အကြမ်းဖက်မှု

# ဘယ်ဂျီယံနိုင်ငံတွင် ပစ်ခတ်မှုဖြစ်ပွား၊ နှစ်ဦးသေဆုံးပြီးသုံးဦးဒဏ်ရာရ




ဘယ်ဂျီယံနိုင်ငံ စိန့်ဂီးလက်ဒေသတွင် ပစ်ခတ်တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ လူနှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း ပြည်တွင်းသတင်းဌာနတစ်ခုက ဇွန်လ ၂၇ ရက်တွင် ဖော်ပြသည်။

အဆိုပါပစ်ခတ်မှုသည် မီဒီမီးရထားဘူတာရုံအနီးရှိ ကော်ဖီဆိုင်တစ်ဆိုင်နံဘေး၌ ဇွန်လ ၂၇ ရက် နံနက် ၁ နာရီနှင့် ၂ နာရီကြားတွင် ဖြစ်ပွားခြင်းဖြစ်သည်။

ဒဏ်ရာရရှိသူများအနက် တစ်ဦးမှာ စိုးရိမ်ရသည့်အခြေအနေမရှိသော်လည်း အခြားနှစ်ဦးမှာဒဏ်ရာ ပိုမိုပြင်းထန်ကြောင်း၊ ပစ်ခတ်မှုတွင် ပါဝင်သူများမှာ လက်ရှိတွင် ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်ကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များသည် ပစ်ခတ်သူများကို လိုက်လံရှာဖွေနေကာ မည်သည့်အကြောင်းရင်းကြောင့် ပစ်ခတ်မှုဖြစ်ပွားရသည်နှင့် စပ်လျဉ်း၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။

*Ref: Xinhua*

အစ္စတန်ဘူ၊ အကြမ်းဖက်တိုက်ဖျက်ရေး

# IS စစ်သွေးကြွအဖွဲ့ဝင် ၁၀ ဦးကို တူကီယဲဖမ်းဆီး

တူကီယဲလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇွန်လ ၂၇ ရက်က လုပ်ဆောင်သည့် စစ်ဆင်မှုတစ်ခုအတွင်း IS စစ်သွေးကြွအဖွဲ့ဝင်ဟု ယူဆရသူ ၁၀ ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီတစ်ခုက ဖော်ပြသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့သည် နိုင်ငံအတွင်း၌ IS စစ်သွေးကြွအဖွဲ့၏ လှုပ်ရှားမှုများကို ဖော်ထုတ်နိုင်ခဲ့ပြီးနောက် အစ္စတန်ဘူမြို့၌ စစ်ဆင်ရေးတစ်ရပ် လုပ်ဆောင်ခဲ့ရာမှ အကြမ်းဖက်အဖွဲ့ဝင်များကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးခံရသူများမှာ ပြည်ပနိုင်ငံသား အကြမ်းဖက်သမားများဖြစ်ပြီး ထိုသူများသည် နိုင်ငံအတွက် ခြိမ်းခြောက်မှုအဖြစ် ရပ်တည်နေကြောင်း Anadolu သတင်းအေဂျင်စီက ထုတ်ပြန်ထားသည်။

ထို့ပြင် ရဲတပ်ဖွဲ့ဝင်များသည် အစ္စတန်ဘူမြို့ရှိ ခရိုင်ခုနစ်စုအတွင်းမှ နေရာ ၁၇ ခုတွင်လည်း ရှာဖွေမှုများကို တစ်ပြိုင်တည်း လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးခံထားရသူများကို အာဏာပိုင်များက တရားစွဲဆိုမှုများလုပ်ဆောင်မည်ဖြစ်သည်။

တူကီယဲအစိုးရသည် IS စစ်သွေးကြွအဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ၂၀၁၃ ခုနှစ်ကတည်းက သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံအတွင်း၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများမှာ ၎င်းအဖွဲ့၏ လက်ချက်ဖြစ်သည်ဟု စွပ်စွဲထားကြောင်း သိရသည်။

*Ref: Xinhua*

ဒူဘိုင်း၊ အကြမ်းဖက်တိုက်ခိုက်မှု

# ပင်လယ်နီတွင် ကုန်တင်သင်္ဘောတစ်စင်း တိုက်ခိုက်ခံရ

ယီမင်ကမ်းလွန်ရှိ ပင်လယ်နီအတွင်း မောင်းနှင်နေသည့် ကုန်တင်သင်္ဘောတစ်စင်းသည် ဇွန်လ ၂၇ ရက်တွင် တိုက်ခိုက်ခံလိုက်ရကြောင်း ဗြိတိန်လုံခြုံရေးကုမ္ပဏီတစ်ခုက ထုတ်ပြန်သည်။

အဆိုပါကုန်တင်သင်္ဘောသည် ယီမင်နိုင်ငံအနောက်ပိုင်း ဟိုဒေးဒါဆိပ်ကမ်းမှ ရေမိုင် ၈၄ မိုင်အကွာတွင် တိုက်ခိုက်ခံရခြင်းဖြစ်ပြီး သင်္ဘောပေါ်တွင်လိုက်ပါလာသူများမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း ဗြိတိန်လုံခြုံရေးကုမ္ပဏီ Ambrey က ပြောသည်။

တိုက်ခိုက်ခံလိုက်ရသည့် သင်္ဘောသည် ဆော်ဒီအာရေဗျနိုင်ငံ ဒမ်မမ်မြို့သို့မောင်းနှင်နေခြင်းဖြစ်ကြောင်းသိရသည်။ သို့သော် အဆိုပါသင်္ဘောကို မည်သည့်အဖွဲ့အစည်းက တိုက်ခိုက်ခဲ့ကြောင်း ဖော်ပြခဲ့ခြင်းမရှိပေ။

ယီမင်အခြေစိုက် ဟူသီသူပုန်များ၏ တိုက်ခိုက်မှုများကြောင့် ပင်လယ်နီအတွင်းရှိ နိုင်ငံတကာရေကြောင်းသွားလာရေးမှာ အဟန့်အတားနှင့် ရင်ဆိုင်နေရသည်။

ဟူသီသူပုန်အဖွဲ့သည် တိုက်ခိုက်မှုများကို ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှစ၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဟူသီသူပုန်များ၏ တိုက်ခိုက်မှုများကြောင့် အချို့ကုန်တင်သင်္ဘောများမှာ ပင်လယ်နီကို ရှောင်ရှား၍ အာဖရိကဒေသ တောင်ပိုင်းစွန်းမှ သွားလာရခြင်းကြောင့် ခရီးအကွာအဝေး ပိုမိုများပြားလာကြောင်း သိရသည်။

*Ref: ST*

နေပြည်တော် ဇွန် ၂၇

# မန္တလေးတိုင်းဒေသကြီးအတွင်း နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းဆောင်ရွက်



မန္တလေးတိုင်းဒေသကြီးအတွင်း နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ PEP နို့ထွက်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် ထွန်းနို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း တောင်သူများ သမဝါယမနစ်ဖြင့်မွေးမြူနိုင်ရေး လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ အစာများရရှိရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထွက်ရှိလာသော ကုန်ကြမ်းများကို နို့ထွက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စက်ရုံအနေဖြင့် စျေးနှုန်းသက်သာပြီး ကျန်းမာရေးနှင့်ညီညွတ်သော နို့ထွက်ပစ္စည်းများ ပြည်သူများစားသုံးနိုင်ရေး ဦးတည်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းမှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့ ရဲစုရပ်ကွက်ရှိ မြဘုရင် နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မိတ္ထီလာဒေသသည် နို့စားနွားမွေးမြူပြီး နို့နှင့်နို့ထွက်ပစ္စည်းများထုတ်လုပ်ရင်းနှီးမြှုပ်နှံရန် သင့်လျော်သည့်ဒေသဖြစ်ပြီး စီးပွားရေး၊ ကုန်သွယ်ရေးအတွက်လည်း အချက်အချာကျသောဒေသဖြစ်ကြောင်း၊ လိုအပ်သော Feasibility Survey ပြုလုပ်ပြီး မွေးမြူခြင်း၊ ထုတ်လုပ်ခြင်းတို့ကို သမဝါယမစနစ်ဖြင့် လုပ်ငန်းရှင်များ၊ အသင်းသားတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စီမံချက်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ ကျိုးတော်ကုန်းရပ်ကွက်ရှိ လုပ်ငန်းရှင် ဦးဝင်းညွန့်အောင်၏ နို့စိမ်းထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး မွေးမြူရေးကဏ္ဍကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်လာရေး၊ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ခြင်းအပြင် အေးခဲအသားထုတ်လုပ်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့နယ် စက်ပစ်တောင်ကျေးရွာရှိ စက်ပစ်တောင် နို့စားနွားမွေးမြူရေးသမဝါယမအသင်းသို့ သွားရောက်၍ နို့စားနွားမွေးမြူရေး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နို့နှင့်နို့ထွက်ပစ္စည်းများကို တန်ဖိုးမြှင့်စားသောက်ကုန်အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ကြရန်၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းစုအနေဖြင့် လိုအပ်သည့် အရင်းအနှီးများပံ့ပိုးဆောင်ရွက်ပေးသွားရန်၊ နို့စားနွားများမွေးမြူရာတွင် မိရိုးဖလာစနစ်မွေးမြူခြင်းထက် စနစ်ကျနသည့် မွေးမြူခြင်းစနစ်ဖြင့် မွေးမြူကြရန်နှင့် လိုအပ်သည့် ကာကွယ်ဆေးများကို စနစ်တကျထိုးနှံကြရန် ဆွေးနွေးမှာကြားပြီး အသင်းသား တောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ နို့စားနွားများမွေးမြူထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၂၇

# မန္တလေးတိုင်းဒေသကြီး သာစည်ခရိုင်ရှိ ၁၃၂ ကေဗွီ ရေပေါင်းဆုံပင်မဓာတ်အားခွဲရုံနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် အောင်ပန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများကို ဒုတိယဝန်ကြီး ဦးအေးကျော် ကြည့်ရှုစစ်ဆေး



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန်လ ၂၆ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး သာစည်ခရိုင်ရှိ ၁၃၂ ကေဗွီ ရေပေါင်းဆုံပင်မဓာတ်အားခွဲရုံသို့ရောက်ရှိရာ ဓာတ်အားခွဲရုံမှူးက ဓာတ်အားထိန်းချုပ်ခန်းအတွင်းမှ ဓာတ်အားစနစ်ဖြင့်ချိတ်ဆက်၍ ဓာတ်အားပို့လွှတ်ပေးနေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဓာတ်အားခွဲရုံကြံ့ခိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပုံမှန်ထိန်းသိမ်းစစ်ဆေးဆောင်ရွက်သွားရန်၊ ဓာတ်အားခွဲရုံဝင်းရှိ ဓာတ်အားလိုင်းနှင့် လွတ်ကင်းသည့် မြေလွတ်များတွင် သီးပင်စားပင်နှင့် နှစ်ရှည်ပင်များစိုက်ပျိုးထားရှိရန်မှာကြားပြီး ဓာတ်အားထိန်းချုပ်ခန်းနှင့် ဆွိယာဒ် (Switch Yard)အတွင်းရှိ ဓာတ်အားထိန်းချုပ်ပစ္စည်းများနှင့် ဓာတ်အားလွှတ်ပစ္စည်းများ၏အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် အောင်ပန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက ပြည်သူများ၏ဓာတ်အားသုံးစွဲမှုမှန်ကန်မှုရှိစေရေးနှင့် မီတာယူနစ်များလိုဖတ်၊ ပိုဖတ်ခြင်းမရှိစေရေး သတ်မှတ်ကာလအတွင်း မီတာများပုံမှန်ဖတ်ရှုရန်နှင့် ဓာတ်အားခများ ပုံမှန်ကောက်ခံရရှိရေးအထူးအလေးထားဆောင်ရွက်ကြရန်၊ ဓာတ်အားခငွေများအလွဲသုံးစားမှု မဖြစ်ပေါ်စေရေးနှင့် အပြည့်အဝကောက်ခံရရှိရေး ရပ်၊ ပျက်၊ နှေးမီတာများကို ပုံမှန်ကွင်းဆင်းစစ်ဆေး၍ အမြန်ဆုံးအစားထိုးလဲလှယ်တပ်ဆင်ပေးရန်၊ မိုးဦးကာလရောက်ရှိလာပြီဖြစ်၍ ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ပုံမှန်ရှင်းလင်းခုတ်ထွင်သွားရန်နှင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန်တို့ကိုမှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရုံးလုပ်ငန်းဆောင်ရွက်နေမှုနှင့်ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၂၇

# ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၏ ပဏာမလက်ရွေးစင်လူရွေးချယ်ရေးပြိုင်ပွဲကျင်းပ

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၏ ပဏာမလက်ရွေးစင်လူရွေးချယ်ရေးပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥဂ္ဂါအေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (အမျိုးသား၊ အမျိုးသမီး) ဝိတ်တန်းများအလိုက် အမြန်မနှင့် နှစ်ဆင့်မ ပြိုင်ပွဲများကိုယှဉ်ပြိုင်ကြရာ အလေးမအားကစားသမား အမျိုးသားငါးဦးနှင့် အမျိုးသမီး ၁၁ ဦး စုစုပေါင်း အားကစားသမား ၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံကြသည်။

အမျိုးသား(+၈၉)ကီလိုတန်းပြိုင်ပွဲတွင် ဝင်းနိုင်ထွန်းက နှစ်ဆင့်မစံချိန်(၁၇၆)ကီလိုဖြင့် မြန်မာပြည်စံချိန်(၁၇၅)ကို ကျော်လွန်၍ စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



နေပြည်တော် ဇွန် ၂၇

# နေပြည်တော် လယ်ဝေးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (အေလာ) စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (အေလာ) စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ရပ်မိ၊ ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေပညာရှင်များနှင့် အကဲဖြတ်ဒိုင်များ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အခြေခံပညာအထက်တန်းကျောင်း (အေလာ)မှ ကျောင်းသား၊ ကျောင်းသူများက "အမျိုးသားစာပေ ယဉ်ကျေးမှုအမွေ" တေးသီချင်းဖြင့်အခမ်းအနားကို ဖွင့်လှစ်ပေးပြီး "ပညာဘဏ်တိုက်စာကြည့်တိုက်သို့ သွားကြစို့" Video Clip ပြသသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာဖတ်ခြင်းသည် ဘဝတစ်သက်တာအတွက် လွန်စွာအကျိုးကျေးဇူးရှိစေသောကြောင့် ကလေးငယ်များကို ငယ်စဉ်မှစ၍ စာဖတ်သည့်အလေ့အထကို ပျိုးထောင်ပေးရန်အရေးကြီးကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နေ့စဉ်စာဖတ်ရာ၌ သုတ၊ ရသ ပညာရပ်အစုံကို ဖတ်ရှုကြရန်နှင့် နောင်တစ်ချိန် နိုင်ငံတော်က အားကိုးအားထားရသော သားကောင်း၊ သမီးကောင်း ပညာရှင်များပေါ်ထွန်းရေးအတွက် ကြိုးစားကြရန်လိုအပ်ကြောင်းပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လယ်ဝေးမြို့နယ်အတွင်း စာကြည့်တိုက်တည်ဆောက်ရန်အတွက် အလှူငွေကျပ်သိန်း ၁၅၀ နှင့် သုတရသစာအုပ်စာစောင်အုပ်ရေ ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အခြေခံပညာအထက်တန်းကျောင်း(အေလာ)မှ "အမျိုးသားစာပေယဉ်ကျေးမှုအမွေ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ အလှူရှင်များက အခြေခံပညာအထက်တန်းကျောင်း (အေလာ) ကျောင်းစာကြည့်တိုက်အတွက် အလှူငွေများနှင့် သုတရသစာအုပ်စာစောင်များကိုလည်းကောင်း ချီးမြှင့်ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် အမျိုးသားစာပေဆုရှင် စာရေးဆရာ မောင်စိမ်းနောင်(လယ်ဝေး)က စာပေလေ့လာဖတ်ရှုမှု အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက စာပေဆွေးနွေးပွဲ (Book Club) ဆွေးနွေးနေမှု၊ ကျောင်းသား၊ ကျောင်းသူများ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ယှဉ်ပြိုင်နေမှု၊ စာအုပ်စာစောင်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ကျောင်းသား၊ ကျောင်းသူများ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ပျော်ရွှင်စွာယှဉ်ပြိုင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ကျောင်းသား၊ ကျောင်းသူများအား စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း (အေလာ)ခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ဖျော်ဖြေရေးတီးဝိုင်းအဖွဲ့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် သဲကောကြီးကျေးရွာတွင် ကျေးရွာစာကြည့်တိုက်တည်ဆောက်ရန် မြေနေရာလျာထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဇွန် ၂၇

## ၂၀၂၄ ခုနှစ် မိုးလယ်ကာလအတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**၂၀၂၄ ခုနှစ်၊ မိုးလယ်ကာလသတ်မှတ်ခြင်း**

၂၀၂၄ ခုနှစ် မိုးလယ်ကာလသည် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁ ရက်မှ ဩဂုတ်လ ၃၁ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် နယုန်လပြည့်ကျော် ၁၀ ရက်နေ့မှ ဝါခေါင်လပြည့်ကျော် ၁၂ ရက်နေ့) အထိ ဖြစ်ပါသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၄)ကြိမ်ဖြစ်ပေါ်နိုင်ပြီး၊ (၂)ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှအားကောင်းနိုင်ပါသည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

မိုးလယ်ကာလ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့နှင့် ဆိပ်သာမြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် (၂)ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် (၁)ကြိမ်ခန့်၊ ဒုဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် (၁)ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် (၁)ကြိမ်ခန့်နှင့် မဒေါက်မြို့တွင် (၂)ကြိမ်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် (၂)ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် (၁) ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့တွင် (၁)ကြိမ်ခန့်နှင့် ဘားအံမြို့တွင် (၂)ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် (၂)ကြိမ်ခန့်၊ ဝေါမြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် (၁)ကြိမ်ခန့်၊ ကုလားတန်မြစ်ရေသည် ကျောက်တော်မြို့တွင် (၁)ကြိမ်ခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် (၁)ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် (၁)ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်ပါသည်။

**(မိုး/ဇလ)**

---

နေပြည်တော် ဇွန် ၂၇

## ၂၀၂၄ ခုနှစ် ဇူလိုင်လ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၂)ကြိမ် ဖြစ်ပေါ်နိုင်ပြီး (၁)ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၃ ရက်မှ ၂၉ ရက်ခန့်၊ နေပြည်တော်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၂ ရက် ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၉ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ ဒုဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် (၁)ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် (၁)ကြိမ်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် (၁)ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် (၁)ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် (၁)ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် (၁)ကြိမ်ခန့်၊ ဝေါမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် (၁)ကြိမ်ခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် (၁)ကြိမ်ခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် (၁)ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် (၁)ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**(မိုး/ဇလ)**

## မြန်မာနိုင်ငံဘဏ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားရှိသည့် လမ်းညွှန်မှုများနှင့်အညီ စည်းမျဉ်းများကို လေးစားလိုက်နာဆောင်ရွက်လျက်ရှိ

### အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံဘဏ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားရှိသည့် လမ်းညွှန်မှုများနှင့်အညီ စည်းမျဉ်းများကို လေးစားလိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် လူအများအပြား သေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်း ဘဏ်များသည် Regulatory Authority ဖြစ်သည့် ဗဟိုဘဏ်မှ ချမှတ်ထားသည့် ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ဘဏ်များသည် SDN List အပါအဝင် နိုင်ငံတကာ အရေးယူဆောင်ရွက်မှုစာရင်းများတွင် ပါရှိနေသော လူပုဂ္ဂိုလ်များ၊ ကုမ္ပဏီလုပ်ငန်းများအတွက် ပြည်တွင်း၊ ပြည်ပ ငွေကြေးလွှဲပြောင်းမှုများကို လုံးဝဆောင်ရွက်ပေးခြင်းမရှိဘဲ ဆက်သွယ်ဆောင်ရွက်သူများ၏ ရယူမည့်အချက်အလက်များအား သေချာစွာ စိစစ်ရယူခြင်းနှင့် ပြည်တွင်း၊ ပြည်ပ ငွေကြေးလွှဲပြောင်းမှုများအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း (Enhanced Due Diligence-EDD)ကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် နိုင်ငံခြားဘဏ်များသည်လည်း ၎င်းတို့၏သက်ဆိုင်ရာအာဏာပိုင်များ၏ တင်းကျပ်သောစည်းမျဉ်းများအရ မြန်မာနိုင်ငံဘဏ်များ၏ကုန်သွယ်မှုအတွက် ငွေပေးချေမှုများကို ဆောင်ရွက်ပေးလျက်ရှိရာတွင် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများအား အလေးထားစိစစ်ခြင်းအား တိုးမြှင့်ဆောင်ရွက်ခြင်း (EDD)လုပ်ငန်းစဉ်များ ပြီးစီးမှသာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ မြန်မာနိုင်ငံဘဏ်များသည် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF) က သတ်မှတ်ထားသည့်အလေးထားစိစစ်မှုများ တိုးမြှင့်ဆောင်ရွက်ရန် တောင်းဆိုခြင်းခံရသည့်နိုင်ငံနှင့် ဒေသများစာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက်လည်း FATF မှ သတ်မှတ်ပေးထားသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေးအစီအမံများကို သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၄။ ဘဏ်များအနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများနှင့် လူအများအပြားသေကျေစေသည့် လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအား အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့် လုပ်ငန်းစဉ်များအတွက်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်မှုများအရ ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံဘဏ်များအသင်း**

(၂၇-၆-၂၀၂၄)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ရန်ကုန် ဇွန် ၂၇

## မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုသောအားဖြင့် သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

၂၀၂၄ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ ကိုဂုဏ်ပြုသောအားဖြင့် ကျပန်းစကားပြော ပြိုင်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီ တွင် ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်ပင်မ ဆောင်၌ကျင်းပသည်။

အခမ်းအနားသို့ သူနာပြုတက္ကသိုလ် (ရန်ကုန်)ပါမောက္ခချုပ် ဒေါက်တာတင်တင်ကျော်၊ ပါမောက္ခ/ဌာနမှူးများ၊ တွဲဖက်ပါမောက္ခ/ဌာနမှူးများ၊ လမ်းမတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်နောင်ဖြူ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ အကဲဖြတ်အဖွဲ့ဝင်များ၊ သူနာပြုတက္ကသိုလ်(ရန်ကုန်) တွင် ပညာသင်ကြားနေသောကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာတင်တင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ကျပန်းစကားပြောပြိုင်ပွဲတွင် အကဲဖြတ်အမှတ်ပေးကြမည့် ဒိုင်အဖွဲ့ဝင်များကနေရာယူကြကာ ပြိုင်ပွဲကို စတင်ကျင်းပသည်။

ယင်းနောက် ပြိုင်ပွဲတွင်ယှဉ်ပြိုင်ကြမည့် ကျောင်းသူ ၁၁ ဦးက "မိသားစုဘဝသာယာလှပ အမျိုးသမီးများ၏အခန်းကဏ္ဍ"၊ "ဂုဏ်ရည်ဝင့်ကြွား အမျိုးသမီးများ"၊ "မိန်းမတို့ကူ့ခြွေ ရွှေပေးလို့မရ"၊ "ယဉ်ကျေးလိမ္မာအမျိုးသမီးတို့၏အစဉ်အလာ"၊ "အမျိုးသမီးတို့၏ တန်ဖိုးနှင့်စွမ်းဆောင်ရည်"၊ "အမျိုးသမီးထု သတိပြုရမည့်လူကုန်ကူးမှုအန္တရာယ်"၊ "အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး"၊ "အမျိုးသမီးထု သတိပြုရမည့် နည်းပညာကွန်ရက်အင်တာနက်အန္တရာယ်"၊ "မြန်မာ့အမျိုးသမီးနှင့်အားကစားအောင်လံ"၊ "အမျိုးသမီးများလိုလားသော အိမ်ထောင်ဖက်၏ အရည်အချင်းများ"၊ "ချိန်ခါဌာန ချင့်ချိန်တိုင်းဆ အလှဆင်ယင်ဝတ်ဆင်ကြ" အစရှိသည့်ခေါင်းစဉ်များကို မဲနှိုက်ပြီးယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် လမ်းမတော်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ အလှူငွေများပေးအပ်လှူဒါန်းရာ ပါမောက္ခချုပ် ဒေါက်တာတင်တင်ကျော် လက်ခံရယူခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကိုကျင်းပရာ သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာတင်တင်ကျော်၊ လမ်းမတော်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်နောင်ဖြူနှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **လင်းခန့်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့်**

**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ် တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

မိုင်းဆတ်၊ စိုက်ပျိုးရေး

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၌ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၂၆ ရက် နံနက်ပိုင်းတွင် နားယန်းကျေးရွာ ရေထွက်နေရာ၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းဆတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်တိုးနှင့်တာဝန်ရှိသူတို့က ဒေသခံပြည်သူများကို စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်ကြသည်။

ထို့နောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်တိုးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက သတ်မှတ်နေရာများတွင် သစ်ပင်များစိုက်ပျိုးကြပြီး ခရိုင်ဦးစီးမှူးနှင့်တာဝန်ရှိသူတို့က စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကို ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးစေရန်၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး ရာသီဥတုညီညွတ်မျှတမှုရှိစေရန်၊ သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးတတ်စေပြီး သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းတို့တွင် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်ရည်ရွယ်၍ ဒေသနှင့်ကိုက်ညီသည့် မဲဇလီ၊ ကျွန်းဟူသည့် ပျိုးပင်ပေါင်း ၂၀၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။

(၄၀၄)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ။**

တာချီလိတ်၊ လူမှုရေး

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ ပြပွဲနှင့်ဆုပေးပွဲကျင်းပ




ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဟောပြောပွဲ၊ ပြပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇွန်လ ၂၆ ရက် နံနက်ပိုင်းတွင် အောင်မြတ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ၂၀၂၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်မှတ်တမ်း ဗီဒီယိုကိုပြသပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ထံမှပေးပို့သော သဝဏ်လွှာအား ခရိုင်ဒုတိယဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးချမ်းမြေ့ဝင်းက ဖတ်ကြားသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်(၂၇) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့်ကဗျာပြိုင်ပွဲများတွင် ခရိုင်အဆင့်နှင့်ဗဟိုအဆင့်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းကိုနှင့်တာဝန်ရှိသူများက ဆုများပေးအပ်သည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများက မူးယစ်ဆေးဝါးပပျောက်ရေးလှုပ်ရှားမှု အသိပညာပေးပြခန်းအား လှည့်လည်ကြည့်ရှုကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူးယစ်တပ်ဖွဲ့စု (၃၀)နှင့်ယာဉ်ထိန်းတပ်ဖွဲ့စု (၁၂၁) မှဝန်ထမ်းများက မူးယစ်ဆေးဝါးအသိပညာပေးသတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **သန်းဇော်(တာချီလိတ်)**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ်များ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

## မိုင်းပျဉ်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ယမ်းခမ်းကျေးရွာအုပ်စု စုပုံ-ဝမ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့်ဆောင်ရွက်သော မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများအား ဇွန်လ ၂၆ ရက်နံနက်ပိုင်းတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုကြသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသောမွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများအား လိုက်လံကြည့်ရှုပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းကာ လုပ်ငန်းများအဆင်ပြေရေး အကြံပေးခြင်းများဆောင်ရွက်သည်။

အဆိုပါ စုပုံ-ဝမ်ပုံကျေးရွာအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး ယခုနှစ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စုပုံ-ဝမ်ပုံကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးအား ငွေကျပ်သိန်း ၆၇၀၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးအား ငွေကျပ်သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၇၀၀ ကို ထုတ်ချေးပေးထားကြောင်း သိရသည်။

**မောင်အိုးစည်**

## မိုင်းခတ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယန်းမိုင်(လားဟူ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇွန်လ ၂၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းခတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နောင်ထွေး၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ယန်းမိုင်(လားဟူ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မိုင်းခတ်မြို့နယ် ယန်းမိုင်(လားဟူ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ရာ လက်ရှိတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်း ၄၀ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၀ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။


**ကျော်စွာ**

## မိုင်းယန်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယန်းကောင်ကျေးရွာအုပ်စု ကော်နမ့်ခဲဝမ်မိုင် + ကောင်နမ့်ခဲကောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဇွန်လ ၂၆ ရက် နံနက်ပိုင်းတွင် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသက်လင်းထွန်းနှင့် တာဝန်ရှိသူများသည် ကော်နမ့်ခဲဝမ်မိုင်+ကောင်နမ့်ခဲကောင်ကျေးရွာ၌ စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာများ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ အဆိုပါကျေးရွာရှိအသင်းသား၊ အသင်းသူ ၂၅ ဦးကို ဒသမအကြိမ်မြောက် ရန်ပုံငွေကျပ် သိန်း ၃၀၀ အထိ ထုတ်ချေးထားနိုင်ပြီး စီမံကိန်းလုပ်ငန်းများအောင်မြင်စွာ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကာရံ(ကျေးလက်)**



## မိုင်းတုံ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲကင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဇွန်လ ၂၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းတုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့် တာဝန်ရှိသူများသည် မဲကင်ကျေးရွာ၌ စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ပြီး မိသားစုဝင်ငွေများ ပိုမိုတိုးပွားလာစေရန် ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မဲကင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ၂၆ ဦးကို နဝမအကြိမ်မြောက် ရန်ပုံငွေကျပ်သိန်း ၃၉၀ အထိ ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများအောင်မြင်စွာ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်နိုင်**

ဘာလင်၊ ဇွန်

# ယူရို ၂၀၂၄ ပြိုင်ပွဲ အုပ်စု(E)တွင် အသင်းအားလုံး ရမှတ်လေးမှတ်စီတူညီနေသော်လည်း ဘယ်လ်ဂျီယံအသင်းနောက်တစ်ဆင့်တက်ရောက်ပြီး ယူကရိန်းအသင်းထွက်ခွာခဲ့ရ



ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ယူရို ၂၀၂၄ ပြိုင်ပွဲ အုပ်စု (E) တွင် လေးသင်းစလုံး ရမှတ်လေးမှတ်စီတူညီနေသော်လည်း ဘယ်လ်ဂျီယံအသင်းနောက်တစ်ဆင့်တက်ရောက်ပြီး ယူကရိန်းအသင်းအနေဖြင့် အုပ်စုအောက်ဆုံးတွင်သာ ရပ်တည်နိုင်ခဲ့သည့်အတွက် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲအုပ်စု(E)တွင် ချန်ပီယံဆုအတွက် ရေပန်းစားသည့်အသင်းများတွင် ပါဝင်လာခဲ့သည့် ဘယ်လ်ဂျီယံအသင်းသည် မထင်မှတ်ဘဲ အုပ်စုပထမပွဲစဉ်၌ ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယပွဲစဉ်တွင် ရိုမေးနီးယားအသင်းကို ပြန်လည်အနိုင်ရရှိခဲ့ပြီး နောက်ဆုံးပွဲစဉ်တွင် ယူကရိန်းအသင်းနှင့်သရေရလဒ်ကြောင့် ရှုံးထွက်အဆင့်သို့တက်ရောက်နိုင်ခဲ့သည်။

အုပ်စု (E)တွင် အုပ်စုပွဲစဉ်များအားလုံး ပြီးဆုံးချိန်တွင် ပြိုင်ပွဲဝင်အသင်း လေးသင်းစလုံး တစ်ပွဲနိုင်၊ တစ်ပွဲသရေနှင့် တစ်ပွဲရှုံးရလဒ်ဖြင့် ရလဒ်အားလုံး တူညီနေသော်လည်း ရိုမေးနီးယားအသင်းက ရဂိုး လေးဂိုး၊ ပေးဂိုး သုံးဂိုး၊ ဂိုးကွာခြားချက် အပေါင်း တစ်ဂိုးရရှိခဲ့ပြီး ဘယ်လ်ဂျီယံအသင်းကို ကျော်ဖြတ်ကာ အုပ်စုပထမဖြင့် ရှုံးထွက်အဆင့်သို့တက်ရောက်ခဲ့သည်။

အလားတူ ဘယ်လ်ဂျီယံအသင်းသည် ရဂိုး နှစ်ဂိုး၊ ပေးဂိုး တစ်ဂိုး၊ ဂိုးကွာခြားချက် အပေါင်းတစ်ဂိုးရှိခဲ့သော်လည်း ဆလိုဗက်ကီးယားအသင်းနှင့် ထိပ်တိုက်တွေ့ဆုံမှုတွင် ရှုံးနိမ့်ခဲ့သည့်အတွက် အုပ်စုဒုတိယဖြင့်သာ ရှုံးထွက်အဆင့်သို့တက်ရောက်နိုင်ခဲ့ပြီး ဆလိုဗက်ကီးယားအသင်းသည် ပေးဂိုး သုံးဂိုး၊ ရဂိုး သုံးဂိုး၊ ဂိုးကွာခြားချက်မရှိဘဲ အုပ်စုတတိယနေရာ၌ရပ်တည်ကာ အကောင်းဆုံးအုပ်စုတတိယအသင်းအဖြစ် ရှုံးထွက်အဆင့်သို့တက်ရောက်ခဲ့သည်။

ယူကရိန်းအသင်းသည် ရဂိုး နှစ်ဂိုး၊ ပေးဂိုး လေးဂိုး ရှိခဲ့သည့်အတွက် ဂိုးကွာခြားချက် အနုတ်နှစ်ဂိုးဖြစ်နေသောကြောင့် အုပ်စုအောက်ဆုံး၌ ရပ်တည်ခဲ့ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီးနောက် ပြိုင်ပွဲသမိုင်းတစ်လျှောက် လေးမှတ်ဖြင့်ထွက်ခွာခဲ့ရသည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

***Ref;Fotmob***

လန်ဒန်၊ ဇွန်

# ချယ်လ်ဆီးအသင်းက နယူးကာဆယ်အသင်း တိုက်စစ်ကစားသမား အီဆက်ကိုခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်

ချယ်လ်ဆီးအသင်းက နယူးကာဆယ်အသင်း တိုက်စစ်ကစားသမား အီဆက်ကိုခေါ်ယူရန် အေးဂျင့်ဖြစ်သူထံ ဆက်သွယ်ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အီဆက်သည် ပြီးခဲ့သည့်ဘောလုံးရာသီက နယူးကာဆယ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ကာ ပြိုင်ပွဲစုံ ပွဲပေါင်း ၄၀ အထိ ပါဝင်ကစားခဲ့ပြီး သွင်းဂိုး ၂၅ ဂိုးသွင်းယူနိုင်သည့်အတွက် အာဆင်နယ်အသင်းက ပြီးခဲ့သည့်ဘောလုံးရာသီမကုန်မီကတည်းက ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းကလည်း နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် လူငယ်ကစားသမားအများစုကိုပြန်လည်ရောင်းချပြီး အီဆက်ကိုခေါ်ယူရန် စီစဉ်နေကာ နယူးကာဆယ်အသင်းကလည်း ဘဏ္ဍာရေးစည်းမျဉ်းနှင့် ငြိစွန်းနိုင်သည့်အခြေအနေများကြောင့် မြင့်မားသည့်ပြောင်းရွှေ့ကြေးရရှိပါက ရောင်းချဖွယ်ရှိကြောင်း သိရသည်။ ***Ref;Goal.com***

ဘာလင်၊ ဇွန်

# ဒေါ့မွန်အသင်းက စတုဂတ်အသင်းတိုက်စစ်မှူး ဂူယာစီကို ယူရို ၂၂ သန်းဖြင့် ခေါ်ယူရန်နီးစပ်နေ

ဒေါ့မွန်အသင်းက ပြီးခဲ့သည့်ဘောလုံးရာသီက စတုဂတ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြခဲ့သည့် တိုက်စစ်မှူးဂူယာစီကို စာချုပ်ဖျက်သိမ်းကြေး ယူရို ၂၂ သန်းဖြင့် ခေါ်ယူရန်နီးစပ်နေကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ် ဂူယာစီသည် ၂၀၂၂ ခုနှစ်က ရင်းနက်စ်အသင်းမှ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ပြီးနောက် ၂၀၂၃ ခုနှစ်တွင် အပြီးသတ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြနိုင်ခဲ့ကာ စတုဂတ်အသင်း အမှတ်ပေးဇယား အဆင့်(၂)နေရာ၌ ရပ်တည်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့ရာတွင် အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့သူဖြစ်သည်။

ဂူယာစီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ၂၈ ပွဲကစားခဲ့ရာ ၂၈ ဂိုး အထိသွင်းယူနိုင်ပြီး ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်နိုင်ခဲ့ကာ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၏ သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင်လည်း သွင်းဂိုး ၃၆ ဂိုးဖြင့် ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်း၏နောက် ဒုတိယနေရာ၌ရပ်နေသည်။

ဂူယာစီသည် စတုဂတ်အသင်းနှင့်ပြိုင်ပွဲစုံ ပွဲပေါင်း ၃၀ ပါဝင်ကစားခဲ့ရာ သွင်းဂိုး ၃၀ အထိသွင်းယူနိုင်ပြီးနောက် ပရီးမီးယားလိဂ်ကလပ်အသင်းများက ၎င်းကိုခေါ်ယူလိုသော်လည်း တရားဝင်ကမ်းလှမ်းခြင်းမရှိသေးဘဲ ဒေါ့မွန်အသင်းကသာ ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

***Ref;Fabrizio Romano***

လန်ဒန်၊ ဇွန်

# အင်္ဂလန်အသင်းတောင်ပံကစားသမားဖိုဒန် မိသားစုအရေးကိစ္စရပ်ကြောင့် ကစားသမားစာရင်းမှ ယာယီနုတ်ထွက်ခဲ့ပြီး ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်ကိုလွဲချော်ဖွယ်ရှိ

အင်္ဂလန်အသင်းတောင်ပံကစားသမား ဖိုဒန်သည် မိသားစုအရေးကိစ္စရပ်ကြောင့် ယူရို ၂၀၂၄ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် အင်္ဂလန်အသင်းကစားသမားစာရင်းမှ ယာယီနုတ်ထွက်ပြီး အင်္ဂလန်နိုင်ငံသို့ ပြန်သွားခဲ့သည့်အတွက် အသင်းနှင့်အတူ ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်ကို လွဲချော်ဖွယ်ရှိကြောင်း သိရသည်။

ဖိုဒန်သည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်စီးတီးအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ပြီးနောက် လက်ရှိ ယူရို ၂၀၂၄ ပြိုင်ပွဲတွင် အင်္ဂလန်အသင်း၌ အဓိက ကစားသမားအဖြစ်ပါဝင်ခွင့်ရရှိခဲ့သူဖြစ်သည်။

ဖိုဒန်သည် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် အင်္ဂလန်အသင်းနှင့်အတူ အုပ်စုပွဲစဉ်အဖြစ် ဆားဘီးယားအသင်းနှင့်ပွဲစဉ်၊ ဒိန်းမတ်အသင်းနှင့်ပွဲစဉ်နှင့် ဆလိုဗေးနီးယားအသင်းတို့နှင့်ကစားခဲ့သည့် အုပ်စုပွဲစဉ်သုံးပွဲစလုံးတွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သူဖြစ်သည်။


အင်္ဂလန်နိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက "ဖိုဒန်အနေနဲ့ လူမှုရေးကိစ္စကြောင့် အသင်းကနေနုတ်ထွက်ပြီး သူ့မိသားစုကိစ္စဖြေရှင်းဖို့ ပြန်လာခဲ့ပါတယ်။ သူ့အနေနဲ့ သူ့မိသားစုကိစ္စရပ်တွေ ဖြေရှင်းပြီးရင်တော့ အသင်းနဲ့ပြန်လည်ပူးပေါင်းမှာပါ။ သူ့အနေနဲ့ ရှုံးထွက်အဆင့်ပွဲစဉ်ကို ပါဝင်ကစားဖို့တော့ မသေချာပါဘူး" ဟုပြောသည်။



***Ref;ESPN***

နေပြည်တော် ဇွန် ၂၇

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


မကွေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇွန်လ ၂၅ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၂)လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် တရုတ်နိုင်ငံထုတ် Clear Float Glass (၁၃၃၁ ဒသမ ၅၁) စတုရန်းမီတာ၊ LDPE Seeds ကော်စေ့ (၁၆၂၅)ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း(၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၁၇၆၈၆၈) ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၄)လုံး အတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် တရုတ်နိုင်ငံထုတ် Clear Float Glass (၁၇၈၆ ဒသမ ဝ၈)စတုရန်းမီတာနှင့် Sakura Electric Sprayar ပိုးသတ်ဆေးဖျန်းဘူး (၃၃၁၇)ဘူးအပါအဝင် ကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၈၈၀၄၉၂)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၀၅၇၃၆၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇွန်လ ၂၅ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Monosodium Glutamate (၁၂၅၀၀)ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၃၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီးနှင့် Isuzu Giga Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇွန်လ ၂၆ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၃၇၆) တန်၊ အခြားသစ် (သုည ဒသမ ၆၅၂)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၅၆၆)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇွန်လ ၂၆ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကောင်းမှုတော် လမ်းဆုံ၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် သံပိုက်လုံး ဆိုဒ်စုံ (၃၉၆၇)လုံးနှင့် သံပိုက်ချောင်း (၃၀၅)ချောင်း (ခန့်မှန်းတန်ဖိုး ငွေကျပ်၂၃၄၈၄၀၀၀၀)နှင့် ကလေးမြို့နယ်၊ နတ်ကြီးကုန်းကျေးရွာ၌ လိုင်စင်မဲ့ Kenbo 125 မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၁၄၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇွန်လ ၂၆ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သရက်ခရိုင်နှင့် မကွေးခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် (၂ ဒသမ ၃၃၇)တန်နှင့် သုံးဘီးဆိုင်ကယ် (၂)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၂၉၉၄၈)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန်လ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၉)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၄၉၀၈၇၄)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇွန် ၂၇

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေသူများဖြစ်ကြသည့် "zain gyi @ user 983577-5421018" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ သန့်ဇင်နှင့် "Aye Thidar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အေးသီတာမြင့်တို့အား မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ "Nawarat Yekyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်/ ဗထူးရပ်ကွက်နေ ခင်မေအေးအား ညနေ ၄ နာရီ ၂၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
Tea Mix
Lemon Tea
SHWE PHE OO
Lemon Tea
ရွှေဖီဦး
Black Tea
ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
ISO 9001:2008 Cert. No.683099
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၈၁၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ ရှင်သန်ကိန်းအောင်းလာပြီး အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို စဉ်းစားဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော ဥပဒေနှင့်စည်းကမ်းများကို လေးစားလိုက်နာပြီး စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် လူငယ်များကိုလေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါသည်။ သို့မှသာ ဗလငါးတန်ပြည့်စုံပြီး စွမ်းဆောင်ရည်မြင့်မားသည့်မျိုးဆက်သစ်များဖြင့် အနာဂတ်နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင်ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)**

# နိုင်ငံတော်သမ္မတ(ငြိမ်း)ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ကျင်းပမည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ် ချမှတ်ခဲ့သည့် နှစ်(၇၀)ပြည့်အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ

စာ - ၁၁ သို့

## Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

**ရန်ကုန် ဇွန် ၂၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပသည့်Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲအုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။



Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီတွင် Team Starboyz FC အသင်းနှင့် **စာမျက်နှာ ၃၀ ကော်လံ ၁** ☐

## သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့်ဖြန့်ဖြူးရောင်းချပေးသည့် ရိုးရိုးဒီဇယ်ဆီ(500ppm)ကို အများပြည်သူအလွယ်တကူ ကွဲပြားခြားနားစွာ သိရှိဝယ်ယူသုံးစွဲနိုင်စေရန်အတွက် အပြာရောင်ဖြင့်ဖြန့်ဖြူးရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၇**

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီသည် အများပြည်သူ အလွယ်တကူကွဲပြားခြားနားစွာ သိရှိဝယ်ယူသုံးစွဲနိုင်စေရန်အတွက် ပြည်ပမှတင်သွင်းပြီး ပြည်တွင်းတွင်ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိသော စက်သုံးဆီများ အနက်မှ စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသည့် ရိုးရိုးဒီဇယ်ဆီ(500ppm)ကို အပြာရောင်ဖြင့် လာမည့်ဇူလိုင်လဆန်းပိုင်းမှစ၍ ဈေးကွက်အတွင်းသို့ဖြန့်ဖြူးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဈေးအရောင်းအဝယ်စင်တာများတွင် ဆန်အိတ်အသေးများအား ဈေးနှုန်းသက်သာစွာ ပြန်လည်ရောင်းချလျက်ရှိ**

စာ - ၁၄ သို့

**မြန်မာနိုင်ငံဘဏ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားရှိသည့်လမ်းညွှန်မှုများနှင့်အညီ စည်းမျဉ်းများကို လေးစားလိုက်နာဆောင်ရွက်လျက်ရှိ**

စာ - ၂၆ သို့

## အောင်လအန်ဆန်နှင့် တူကီယဲဖိုက်တာ အာဒိုဂန်ထိုးသတ်မည်

**ရန်ကုန် ဇွန် ၂၇**

ONE Championship အဖွဲ့အစည်းက အမေရိကန်နိုင်ငံတွင်ကျင်းပသွားမည့် ONE 168 အမည်ရှိ MMA ပြိုင်ပွဲတွင် ကချင်တိုင်းရင်းသားအောင်လအန်ဆန်နှင့် တူကီယဲဖိုက်တာအာဒိုဂန်တို့ ပွဲစဉ်ကို **စာမျက်နှာ ၃၀ ကော်လံ ၃** ⏭




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

Quality For You — VEGA — ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ — VEGA — Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၇၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉